အမရပူရမြို့

မဟာဂန္ဓာရုံကျောင်းတိုက်

နာယကချုပ်ဆရာတော်

အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကုဏ္ဍလာဘိဝံသ

ဖိုးဖော်ရွှရေးမျိုး

ဝေရူဥသုတ္တန်

တရားတော်

ဖြန့်ချိရေး

မယော်မော်

ပန်းမျိုးတစ်ရာစာပေ

တိုက် ၂၃၃၊ အခန်း ၁၄

၆ ရပ်ကွက်၊ တိုက်လေးလုံး

ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

စာမူခွင့်ပြုချက်အမှတ် - (၄၉/၉၄) (၁)

မျက်နှာဖုံးခွင့်ပြုချက်အမှတ် (၁၇/၉၄) (၁၁)

မျက်နှာဖုံးဒီဇိုင်း - ဦးအေးမြင့်

ပုံနှိပ်မှတ်တမ်း - ပထမအကြိမ်

အုပ်ရေ (၁၀၀၀)

၁၉၉၄ ခုနှစ်၊ ဒီဇင်ဘာလ။

တန်ဖိုး - ၁၂၀ ကျပ်

စာအုပ်ချုပ် - ကိုမြင့်၊ (၃၄)လမ်း။

အတွင်းသားပုံနှိပ်သူ - ဦးကျော်စိုး (၀၄၂၅၀)

စိုး အော့ဖ်ဆက်၊

ရ၈(ခ)၊ ပန်းဆိုးတန်းလမ်း၊

ရန်ကုန်။

မျက်နှာဖုံးပုံနှိပ်သူ - ဦးကျော်စိန် (၀၂၉၀၉)

ကျောက်စိမ်း အော့ဖ်ဆက်၊

၁၇၁၊ ၃၃လမ်း၊ရန်ကုန်မြို့

ထုတ်ဝေသူ - ဦးဝင်းမြင့်(လေးမောင်)

ဝင်းမြင့်အောင်စာပေတိုက်

၃၁၅၊ ၂/၁ ရပ်ကွက်၊

သောက်ကြတိုးချဲ့၊

မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

တောင်သမံစာစဥ် (၈)

ဝေရဥသုတ္တန်
ဇနီးမောင်နှံလေးမျိုးတရားတော်

အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ကုဏ္ဍလာ ဘိဝံသ
နာယကချုပ် ဆရာတော်
မဟာဂန္ဓာရုံကျောင်းတိုက်
အမရပူရမြို့။

ပန်းမျိုးတစ်ရာ ကွန်ပျူတာ
စာစီလုပ်ငန်း
၂၃၃/၁၄၊ ၆ ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊
ရန်ကုန်မြို့။
ဖုန်း - ၅၁၇၉၅၊

ဆရာတော်ဘုရားကြီး၏
တောင်သမံစာစဥ်တအုပ်များ

၁။ ပရိတ်တော် (၁၁)သုတ် တရားတော်

၂။ သာသနာနှင့်တွေ့သူ မတွေ့သူ တရားတော်

၃။ ဝိပလ္လာသ ငါ့ဘဲ တရားတော်

၄။ ရာဟုလာအမွေတောင်းခန်း ရှင်ပြုတရားတော်

၅။ ခရီးသွားနှင့် ခရီးနားတရားတော်

၆။ အပျောက်ရှာအပျက်ပြင် ကုလသုတ္တန်တရားတော်

၇။ ပွဲကြီးသဘင်ဝင်ခွင့်ရမြင်း အဿာဇာနေယျ
သုတ္တန်တရားတော်

၈။ နေ့မောင်နှံလေးမျိုး ဝေရဉ္စသုတ္တန်တရားတော်

၉။ ပါပဏိကသုတ္တန် ဈေးသည်ကြီးတရားတော်

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
	အမှာစာ(မွှောစရိုဃဦးခင်မောင်)	၃၅
၁။	တရားပွဲ အဖွင့်စကား	၄၅
၂။	သောတာပန် ဇနီးမောင်နှံ	၄၉
၃။	ဝေရွှေသုတ်	၅၃
၄။	ဇနီးမောင်နှံ လေးမျိုး	၅၇
၅။	သောတာပန်နှင့် တူသူ၏ အရည်အချင်း	၆၁
၆။	သရဏဂုံတည်တယ်ဆိုတာ ဘာလဲ	၆၃
၇။	ပဥ္စသီ သို့မဟုတ် ရှောင်သီလ ဆောင်သီလ	၆၇
၈။	လင့်ဝတ္တရားငါးပါး	၇၁
၉။	အမေ အဖေ မတော်ခဲ့တဲ့သူ ရှားတယ်	၇၃
၁၀။	ရေစက်နီးလို့	၇၅
၁၁။	အာဇီသန့်ရှင်းစေ	၈၁
၁၂။	မယားတိုရှုန်	၈၅

၁၃။ မယားသောတာပန် လင်တိဂျွှာန် ၈၇
၁၄။ မယားဝတ္တရား ငါးပါး ၈၉
၁၅။ အိမ်ရှင်မမပျင်းမှ အိမ်ကျက်သရေရှိ ၉၇
၁၆။ လင်တိဂျွှာန် ၉၉
၁၇။ မကောင်းကျင့်သူ မီးလိုပူ
ကောင်းကျင့်သူကား သုခပွား ၁၀၁
၁၈။ နိဂုံးပတ္တနာ ၁၀၅
၁၉။ ရေစက်ချ ၁၀၉

အစ်ခြမ်းပဲဝိုဏ်းများ

၁။ မယားတိရစ္ဆာန်၊ လင်သူမွန်တည်၊ သောတာ ပန်လား။

၂။ မယားသောတာပန်၊ လင်တိရစ္ဆာန်တို့၊ ကျင့်ဟန်မတူ။

(၁) မကောင်းသူကား၊ မီးပူကျရောင်း။

(၂) ကောင်းကျင့်သူကား၊ သုခပွဲး၏။

နှစ်ခြမ်းလုံး ကောင်းတဲ့ဝိုဏ်း

မယားကိုလင်၊ လင်ကိုမယား၊ တရားသဖြင့်၊ ကောင်းစွာကျင့်မှု၊ ငါးဆင့်နတ်ရွာ၊ ဘုံနိမ္မာန်ဝယ်၊ ချမ်းသာနှစ်ပါး၊ သူ ခံစားလိမ့်။

နှစ်ခြမ်းလုံးမကောင်းတဲ့ဝိုဏ်း

လင်မယားနှစ်၊ အကျင့်ညစ်မှု၊ နစ်ကြွင်ရဲ၊ မခွဲတဝေး သံပြိုင်ဆွေးသည်၊ ငိုကြွေးအော်ဟစ် ဆူညံတည်း။

ရေစက်

လင်နဲ့မယားဟာ ရေစက်နိုးလို့ လာတွေ့ကြတာ။ လောကမှာ လူတွေအများကြီးရှိပါလျက်နဲ့ ဒီအထဲ သူနဲ့ကိုယ်နဲ့မှ လာတွေ့ကြ၊ ဆုံကြတယ်ဆိုတာ ရေစက်နိုးလို့ ကြံဖန်တွေ့ကြုံတာမဟုတ်လား။ ငါးရာ့ငါးဆယ်ဇာတ်တော်တွေကို လိုက်ကြည့်ရင် ဘုရားအလောင်းတော်နဲ့ ယသော်ဓရာအလောင်းတို့ ဘယ်လောက်ဝေးဝေး ပြန်တွေ့ကြတာပဲ။ အရှင်မဟာ ကဿပအလောင်းတော်နဲ့ မယ်ဘဒ္ဒါအလောင်းတော်တို့ ဘယ်လောက်ဝေးဝေး ဘာတွေခြားခြား ပြန်တွေ့ကြတာပဲ။ ပါရမီဖြည့်ဘက်ဆိုတာ ရေစက်နိုးကြတော့ ပြန်တွေ့ကြတာပဲ။

ဒသိမ်းဆွပ်ဓာချော

ဥစ္စာဖြို စားဖိုကတဲ့။ မိမိမီးဖိုချောင် မိမိထိန်းလို့၊ ကုန်သင့်မှကုန်၊ ကျသင့်မှကျလို့။ အိမ်ရှင်မအသုံးမတတ်ရင် စားဖိုချောင်က ပစ္စည်းဥစ္စာအဖြုံဆုံးပဲ။ ဟိုဟာလေးနည်းနည်း၊ ဒီဟာလေးနည်းနည်းနဲ့ ဝယ်လာတော့သာ နည်းနည်းလို့ပြောတာ၊ အကုန်ဆုံးကသူပဲ။ ခင်ပွန်းသည် ရှာလာတဲ့ ပစ္စည်း သိမ်းသိမ်းဆည်းဆည်း၊ တိုင်းတိုင်းထွာထွာ စားသင့်မှစား ထားသင့်တာထားလို့။ ဒါ မယားဝတ္တရားပဲ။

ဇနီးမောင်နှံ

လောကမှာ ဇနီးမောင်နှံတွေ တစ်စုံချင်း တစ်စုံချင်း လျှောက်ကြည့်ရင်တော့ အများကြီးပဲ။ မရေမတွက်နိုင်အောင်ရှိမှာပေါ့။ ဒါပေမယ့် အမျိုးအစားခွဲလိုက်ရင်တော့ လေးမျိုးပဲ ရှိတယ်။

၁။ လင်သောတာပန်+မယားတိရစ္ဆာန်၊

၂။ မယားသောတာပန်+လင်တိရစ္ဆာန်

၃။ လင်လည်းတိရစ္ဆာန်+မယားလည်းတိရစ္ဆာန်၊

၄။ လင်လည်းသောတာပန်+မယားလည်းသောတာပန်။

* သရဏဂုံတည်၊ ပဥ္စသီ၊ အာဇီဝသန့်ရှင်းစေ။

ကိုယ့်အမျိုး

သံသရာတစ်လျှောက် ဘဝများစွာ ကျင်လည်ခဲ့ရတာ ဖြစ်တော့ အမေမတော်ခဲ့ဖူးတဲ့သူ၊ အဖေမတော်ခဲ့ဖူးတဲ့ သူ မရှိသလောက်ရှားတယ်တဲ့။ အဲဒီတော့ ဒါ့ခနိုးသည်ရဲ့ အမေအဖေဟာ ကိုယ့်အမေအဖေပဲ။ ဓနိုးသည်ရဲ့ဆွေမျိုးဟာ ကိုယ့်ဆွေမျိုးပဲ။ အဲဒါလိုပဲ ကိုယ့်ခင်ပွန်းရဲ့အဖေအမေဟာ ကိုယ့်အမေအဖေပဲ။ ခင်ပွန်းသည်ရဲ့ ဆွေမျိုးဟာ ကိုယ့်ဆွေ မျိုးပဲ။ ဒါ အခုလောလောဆယ် လောကီအနေနဲ့ ပြောလည်း ကိုယ့်အမေအဖေပဲ။ သံသရာနဲ့ပြောလည်း ကိုယ့်ဆွေ မျိုးပဲ။

အပ်နှင်းဥစ္စာ

တစ်နေ့ရတာ ငါးဆယ်ဝင်တယ်။ ဇနီးသည်အပ်တော့ ၂၅ကျပ်ပဲ အပ်တယ်။ ကျန်တာ ချန်ထားလို့ ဝှက်ထားလို့ဆိုရင် ကြာတော့ ဒါတစ်ယောက်နဲ့တစ်ယောက် အထင်မှားပြီး ဘယ်ပေးတာပါလိမ့်။ ဟိုပေးတာထင်တယ်။ ဒီပေးတာ ထင်တယ်။ အဲဒီလိုနဲ့ အထုံးအဖွဲ့လေးတွေဖြစ်ပြီး ဒါ ထစ်ခနဲဆို စကားများစရာရှိရင် ဒါတွေပြောပြီးတော့ ရန်ခိုက်ဒေါသဖြစ်ကြ။ မိဘက်ဘဘက် ဟိုဘက်ဒီဘက် မျက်နှာပျက်ကြရ။ သားတွေသမီးတွေပါ ဒုက္ခရောက်ကြရ။ အဲဒါတွေမြင်တော်မူလို့ ဘုရားရှင်က အသေးစိတ်ဟောခဲ့တာ။ အပ်နှင်းဥစ္စာတဲ့။

လျော်အောင်ဖြန့်ချီ

ဇနီးမယားဟာ သူ့ဘက်ကိုယ့်ဘက် မျှမျှတတပေးရတယ်။ ကိုယ့်မိတ်ဆွေ သူ့မိတ်ဆွေ သူ့ဆွေမျိုးဘက် ကိုယ့်ဆွေမျိုးဘက် မျှမျှတတရှိရမယ်။

ငွေတစ်ရာ ကိုယ့်ဆွေမျိုးဘက်ပေးတယ်ရင် ခင်ပွန်းသည်ဘက်ကိုလည်း တစ်ရာဖိုး ကျွေးနိုင်ရတယ်။ သူ့ဘက် ကိုယ့်ဘက် လျော်အောင် ဖြန့်ချိပေးကမ်းနိုင်ရမယ်။ ကိုယ့်ဆွေမျိုးကျတော့ ပေးချင်သလောက်ပေးပြီး ခင်ပွန်းသည်ဘက်ကျတော့ ကုပ်ကျစ်ပြီး ဒီလိုမလုပ်ရဘူး။

သောတာပန်

သောတာပန်နဲ့တူအောင် ပြုပေးတယ်ဆိုတာ အပါယ် တံခါးပိတ်အောင်ပြုလုပ်ပေးတာ။ သောတာပန်ဟာ အပါယ် တံခါးပိတ်တယ်။ ငရဲမကျဘူး၊ တိရစ္ဆာန်ဘုံမရောက်ဘူး။ ပြိတ္တာကြီးတွေ မဖြစ်တော့ဘူး။ အသူရကာယ်ကြီးတွေ မဖြစ်တော့ဘူး။

မျှော်အရီမမူ

•

တစ်အိမ်လုံးရဲ့ကျက်သရေ အိမ်ရှင်မလက်မှာတည်နေတယ်။ဘုရားခန်း ကျက်သရေရှိမှ အိမ် ကျက်သရေရှိတယ်။ ဘုရားခန်း ကျက်သရေရှိမှ အိမ်ဝန်း ကျက်သရေရှိတယ်။ ဘုရားခန်း ပန်းမညှိုးရအောင်၊ ပိုးမှျင်တွေဘာတွေ တန်းမနေရအောင် ရှင်းလင်းသုတ်သင်လို့။ ညော်ခန်းကို ညော်ခန်းနဲ့တူအောင် မီးဖိုချောင်ကိုမီးဖိုချောင်နဲ့တူအောင် အိုးနေရာအိုး၊ ခွက်နေရာခွက်း၊ အဲဒီလို လုပ်ရကိုင်ရ၊ သိမ်းရဆည်းရတယ်။ မပျင်းရဘူး။

သရဏဂုံတည်၊ ပဥ္စသီ၊ အာဇီဝသန့်ရှင်းမှု၊

သောတာပန်လား၊ ပါယ်တံခါး၊ မများပိတ်တဲ့သူ။

အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကုဏ္ဍလာဘိဝံသ ဆရာတော်ကြီး၏ လေးနိုင်ငံ သာသနာပြုခရီး စာတိုမှတ်တမ်း။

အမရပူရမြို့၊ မဟာဂန္ဓာရုံကျောင်းတိုက်၏ နာယကချုပ်ဆရာတော်ကြီး ဖြစ်တော်မူသော အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကုဏ္ဍလာဘိဝံသ ဆရာတော်ဘုရားကြီးသည် မဟာဂန္ဓာရုံကျောင်းတိုက် နာယကဆရာတော်ဖြစ်သည့် ဘဒ္ဒန္တမဟိန္ဒ၊ စစ်ကိုင်း ဝေဠုဝန္တာ ဆရာတော်ကြီး ဦးနန္ဒိမာနှင့် အခြားကျောင်းများမှ ဆရာတော်များလိုက်ပါလျက် ၁၉၉၃ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်နေ့မှ ဒီဇင်ဘာလ ၂၅ရက်နေ့အထိ ထိုင်းနိုင်ငံ၊ သီရိလင်္ကာနိုင်ငံ၊ အိန္ဒိယနိုင်ငံနှင့် စင်ကာပူနိုင်ငံများသို့ လေးနိုင်ငံ သာသနာပြုခရီး ကြွရောက်တော်မူခဲ့သည်။

ဆရာတော်ကြီးသည်ထိုင်းနိုင်ငံသို့ရောက်ရှိစဉ် ဗန်ကောက်၊ ချွန်ဘူရီ၊ ပတ္တရာ၊ လန်ပန်း၊ ဖရဲ၊ ချင်းမိုင်း၊ မဲဆောက်၊ မဲဆရီးယန် အစရှိသောမြို့များသို့လည်း ကြွရောက်ခဲ့၍ တရားဓမ္မ ဟောကြားတော်မူခဲ့သည်။ သီရိလင်္ကာနိုင်ငံတွင် ကိုလံဘို၊ ကန်ဒီ၊ အနုရာဒပူရ၊ ပေါလောနရုဝ အစရှိသော အရပ်များသို့ ရောက်ရှိခဲ့ပြီး အိန္ဒိယနိုင်ငံတွင် ကာလကတ္တား၊ ဗုဒ္ဓဂါယာ၊ ဗာရာဏသီ၊ ရာဇဂြိုလ်၊ ဣသိနာရုံ၊ နာလန္ဒတက္ကသိုလ် အစရှိသော အရပ်များသို့ရောက်ရှိခဲ့သည်။ စင်ကာပူနိုင်ငံတွင် ရှိနေစဉ် စင်ကာပူ မြန်မာဘုန်းတော်ကြီးကျောင်း၌ သီတင်းသုံးကာ စင်ကာပူနိုင်ငံ၏ ဗုဒ္ဓသာသနာ ထွန်းကားပြန့်ပွားမှု အခြေအနေ အရပ်ရပ်ကို လေ့လာတော်မူခဲ့သည်။



ဆရာတော်ကြီး စင်ကာပူနိုင်ငံသို့ ရောက်ရှိစဉ် သီတင်းသုံးတော်မူခဲ့သည့် မြန်မာဘုန်းတော်ကြီးကျောင်း။



ဆရာ့ကော်ကြီး ဘဒ္ဒန္တကုဏ္ဍလာဘိဝံသ၏ စင်ကာပူ
သာသနာပြုခရီးတွင် စင်ကာပူ မြန်မာဘုန်းတော်ကြီး
ကျောင်း ကျောင်းထိုင်ဆရာတော် ဦးတိလောကသီရိနှင့်
အတူ နာမည်ကျော် စင်တိုဆာကျွန်း၌ ဖူးတွေ့ရစဉ်။

ပြည်ပ လေးနိုင်ငံ သဂါနကျုံခရိုးတွင် ဆရာတော်ကြီး ဘဒ္ဒန္တကုဏ္ဍလာဘိဝံသ ဦးဆောင်သော ဆရာတော်များ အဖွဲ့သည် အာရှ ဗုဒ္ဓသာသနာ အခြေအနေအရပ်ရပ်ကို အသေးစိတ် လေ့လာတော်မူခဲ့ကြ၏။

ထိုင်း၊ သီရိလင်္ကာ၊ အိန္ဒိယနှင့် စင်ကာပူနိုင်ငံများသို့ သာသနာပြုခရီး ကြွရောက်ခဲ့သော အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကုဏ္ဍလာဘိဝံသ ဆရာတော်ကြီးအား သီရိလင်္ကာနိုင်ငံသို့အရောက် ဖူးတွေ့ရစဉ်။

ဆရာတော်ကြီးအား စင်ကာပူနိုင်ငံ သိပ္ပံဗဟိုဌာန အဆောက်အအုံရှေ့တွင် ဖူးကွေ့ရစဉ်။

အမရပူရ မဟာဂန္ဓာရုံကျောင်းတိုက်၏ နာယကဆရာတော် တစ်ပါးဖြစ်သည့် ဘဒ္ဒန္တ အရှင်မဟိန္ဒ ဆရာတော်ကြီးအား လေးနိုင်ငံ သာသနာပြုခရီးစဉ်၌ ဖူးတွေ့ရစဉ်။



ဘဒ္ဒန္တမဟိန္ဒ ဆရာတော်ဘုရားအား စင်ကာပူနိုင်ငံ၊ ဗဟိုဥယျာဉ်အတွင်း၌ ဖူးတွေ့ရစဉ်။

အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကုဏ္ဍလာဘိဝံသ ဆရာတော်ကြီးနှင့်အတူ စစ်ကိုင်း ဝေဇယန္တာဆရာတော်ကြီး၊ ဘဒ္ဒန္တ အရှင်မဟိန္ဒ ဆရာတော်တို့အား ထိုင်းနိုင်ငံတစ်နေရာ၌ ဖူးတွေ့ရစဉ်။



အမရပူရ မဟာဂန္ဓာရုံကျောင်းတိုက် နာယကချုပ် ဆရာတော် ဘဒ္ဒန္တ ကုဏ္ဍလာဘိဝံသနှင့် နာယက ဆရာတော် ဘဒ္ဒန္တမဟိန္ဒဆရာတော်ကြီးနှစ်ပါး စင်ကာပူ နိုင်ငံ တရုတ်ဘုန်းတော်ကြီးကျောင်းသို့ လေ့လာရေး ခရီး သွားရောက်ခဲ့စဉ်။

စင်ကာပူရှိ မြန်မာဘုန်းတော်ကြီးကျောင်းရှေ့တွင်
ဆရာတော်ကြီးများအား အမှတ်တရဖူးမြော်ရစဉ်။

သရာတော်ကြီး ဘဒ္ဒန္တကုဏ္ဍလာဘိ ဝံသအား စင်ကာပူမြို့

နောက်ခံဖြင့် ဖူးတွေ့ရစဉ်။



စင်ကာပူနိုင်ငံ မြန်မာဘုန်းတော်ကြီးကျောင်းရှေ့တွင် ဆရာတော် ဘဒ္ဒန္တကုဏ္ဍလာဘိဝံသနှင့် စင်ကာပူ ဆရာတော် ဦးတိလောကသီရိတို့အား ဖူးတွေ့ရစဉ်။



ဆရာတော်ကြီးများအဖွဲ့သည် စင်ကာပူနိုင်ငံသို့ ရောက်ရှိစဉ် မဟာယာန ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးကျောင်းများသို့လည်း သွားရောက်လေ့လာခဲ့သည်။

ဇနီးမောင်နှံလေးမျိုးတရားတော်

ဓမ္မာစရိယ ဦးခင်မောင်ဇော်အမှာစာ

ကျွန်တော်သည် ဆရာတော်အရှင်ကုဏ္ဍလာဘိဝံသရဲ့ တရားတိပ်ခွေတွေကို ပုံနှိပ်ဖို့ရာ သတ်ပုံသတ်ညွှန်း ပါဠိစကားလုံးကအစ ပြင်ဆင်ပေးနေရတော့ ဆရာတော်တရားတွေကလည်း နားထဲစွဲနေတဲ့အချိန် တစ်နေ့မှာ အလုပ်ထဲကမိတ်ဆွေက သူ့သမီး စေ့စပ်ကြောင်းလမ်းတဲ့ကိစ္စ၊ လက်ထပ်တဲ့ကိစ္စမှာ ဘယ်ဘိသိက်ဆရာကောင်းမလဲဆိုတာ တိုင်ပင်တယ်။

အဲဒီအခါ ကျွန်တော်လည်း ဘယ်ဆရာကတော့ စိတ်တိုတတ်တယ်။ ဘယ်ဆရာကတော့ နှုးညံ့တယ်။ ဘယ်ဆရာကတော့ ဘာသာရေးစာပေကျွမ်းကျင်တယ်။ အဆုံးအမကြွဝါ

ဒကောင်းလိမ့်မယ် စသည်ဖြင့် အကြံပေးရာက ကျွန်တော့် စိတ်ထဲ လောလောဆယ် စွဲထင်နေတဲ့တရား။ ဆရာတော် အရှင်ကုဏ္ဍလာဘိဝံသရဲ့ တရားစာတွေ ကြည့်နေရတာ ဖြစ်တော့ အဲဒီအထဲက ဇနီးမောင်နှံလေးမျိုး ဝေရဉ္စသုတ် သဲမှာ ဟောကြားထားတာရှိတယ်။ ဘုရားရှင်ကိုယ်တော် မြတ်ကြီးက အဲဒီလိုဇနီးမောင်နှံတွေကို အကြောင်းပြုပြီး ဟောကြားတော် မူထားပါတယ်။ အဲဒါကို ဆရာတော် ကလည်း အိမ်မှာ ကျောင်းမှာ ဇနီးမောင်နှံ အသစ်များကို ဖခင်ဘုရားရှင် ဟောကြားတော်မူထားတဲ့အတိုင်း ရှီးရာ အစဉ်အလာအရ ဒီလိုနေရာ ဒီလိုကိစ္စ ဒီလိုအကြောင်း မျိုးမှာ ဒီလိုတရားမျိုး၊ ဒီလိုဩဝါဒမျိုးကို ဟောကြား ထားတာရှိပါတယ်။ ဒါကတော့ ဘုရားသားတော် ပီပီ ရဟန်းတော်တို့ကလည်း ဆရာဘုရား ဟောကြားတော် မူထားတဲ့အတိုင်း နမူနာယူပြီးတော့ တစ်ဆင့် ပြန်ပြီး ဟောကြားကြရတာပါပဲ။

အဲဒီတော့ မိတ်ဆွေကို ကျွန်တော်က ဘိသိက်ဆရာ ခေါ်တာလည်းခေါ်တာပေါ့။ ငှားတာလည်း ငှားတာပေါ့။

ဒါပေမယ့် ခင်ဗျားသမီးလေး မင်္ဂလာဆောင်ပြီးမင်္ဂလာဆွမ်းကျွေးတဲ့အခါ အဲဒီတရား ဝေရှဥ္စသုတ်တော်ကဇနီးမောင်နှံလေးမျိုးအကြောင်းကို ဟောပေးဖို့ ဘုန်းတော်ကြီးကို ဆွမ်းစားသွားပင့်ကတည်းက လျှောက်ထားပြီး အဲဒီလို စီစဉ်ဖို့ကောင်းတဲ့အကြောင်း၊ ကျွန်တော့်သမီးတုန်းကလည်း ကျွန်တော် ဒီလိုပဲစီစဉ်ခဲ့ဖူးတယ်။ ဘုန်းတော်ကြီးကလည်း သဘောပေါက်ပြီး ဟောကြားပေးပါတယ်။

မင်းတို့တွေ ဟိုတုန်းကခေါ်တာကိုက အိမ်ထောင်မကျ မီကခေါ်တာကိုက လုင်ပျို့လုံမပျို့တဲ့။ဟော ဒီကနေ့အဲဒါလို ခေါ်လို့မရတော့ဘူး။ လုင်ပျို–လုံမပျို မဟုတ်ကြတော့ဘူး။ အိမ်ရှင်မ–အိမ်ရှင်ယောက်ျားတဲ့။ အဲဒါ အိမ်ထောင်မှာ တာဝန်ရှိသွားကြပြီတဲ့။ အဲဒါ ဟိုတုန်းကလို နေချင်သလို နေလို့မရတော့ဘူး။ ပြန်ချင်တဲ့အချိန် ပြန်လို့မရတော့ဘူး။

အဲဒီလို စသည်ဖြင့်ပေါ့ဗျာ။ ဘုန်းတော်ကြီးကလည်း အခုခေတ်အလျောက် အခုခေတ်စကားအသုံးအနှုန်း အခုခေတ် အတွေ့အကြုံတွေနဲ့ ဟောကြားဆုံးမသွားတယ်။

အဲဒီ ဇနီးမောင်နှံအသစ်တို့ကလည်း ငါတို့ရဲ့တရားပွဲ၊ ငါတို့အိမ်ထောင်ဦးမှာ ဟောကြားတဲ့တရား ဆိုပြီးတော့ ကလေးတွေကလည်း တရိုတသေ တလေးတစား လိုက်နာကျင့်သုံးကြတယ်နဲ့တူပါရဲ့ ။ တော်တော်ကလေး ဟန်ကျတယ်ဗျာ။

အဲဒါလိုပြောတော့ မိတ်ဆွေကလည်း ကောင်းတယ်ဗျာ။ အဲဒါ ကျုပ် ရှာပေးစမ်းပါဆိုတော့။ တိပ်ခွေကတော့ ပြန်ပေးလိုက်ပြီ။ ပြန်ရှာကြည့်ပါဦးမယ်။ စာအုပ်ကလည်းပုံမနှိပ်ရသေးဘူး။ ပုံနှိပ်ပြီးရင်တော့ ခင်ဗျားသမီးလေး မင်္ဂလာပွဲမှာ ကျုပ်လက်ဖွဲ့ချင်ပါရဲ့။ အဲဒါလိုပြောတော့ မိတ်ဆွေက အဲဒီတိပ်ခွေလည်း နာပါရစေ။ သုတ်တော်မူရင်းကိုလည်း ကြည့်ပါရစေလို့ဆိုတော့ အဲဒီ ဝေရဉ္စသုတ်တော်မူရင်းကတော့ ကျောင်းက စာအုပ်ဗီရိုကြီးတွေထဲမှာ အိပ်စက်တော်မူနေပါတယ်။ ဘာသာပြန်ကိုကြည့်ရင်လည်း စကားအချိတ်အဆက်ကြီးတွေက ရှည်ဝေးလှတယ်။ ခင်ဗျားနားလည်သဘောပေါက်ပါ့မလား။ ဘုရားရှင်ကိုယ်တော်မြတ်ကြီးတို့ရဲ့ ခေတ်ကာလအချိန်အခါက အဲဒီခေတ်လူတွေရဲ့

အသုံးအနှုန်းစကားလုံးတွေနဲ့ ဟောကြားထားတာ။ အဲဒါတွေကို အခုခေတ်ဆရာတော်တွေက အခုခေတ်မဗ္ဗကထိကတွေက "မဗ္ဗ· ကတေတိတိ မဗ္ဗကထိကော" တဲ့။ မဗ္ဗ–တရားစကားကို၊ ကတေတိတိ– သူ့ခေတ်သူ့ကာလ သူ့အခြေအနေအလျောက် အံဝင်ခွင်ကျအောင် ဟောကြားတတ်တဲ့အတွက် မဗ္ဗကထိကလို့ခေါ်ပါတယ်။ အဲဒီ မဗ္ဗကထိကဆရာတော်တွေက အခုခေတ်အလျောက် အခုခေတ်စကားလုံး အသုံးအနှုန်းတွေနဲ့ ဟောကြားတော်မူထားကြပါတယ်။

ဆေးကတော့ဒီဆေးပါပဲ။ ဒီရောဂါ ဒီလူနာအတွက် ဒီဆေးပဲပေါ့။ ဘုရားရှင်လက်ထက်တော်ကဆေးတွေပါပဲ။ ဒါပေမယ့် ဆေးပေးပုံ ဆေးပေးနည်းကသာ ရေလဲလေးတွေနဲ့ပြောင်းပြောင်းပေးပြီး တိုက်ကျွေးကြရတာပါပဲ။ သူ့ခေတ်သူ့ကာလ သူ့အနေအထားကိုကြည့်ပြီး ဥပမာလေးတွေ၊ ပုံပြင်လေးတွေ၊ အတွေ့အကြုံလေးတွေနဲ့ တန်ဆာဆင်ပြီး ရေလဲနဲ့သုံးပြီး အဲဒီတရားအမြိုက်ဆေးကိုတိုက်ကျွေးကြရပါ

တယ်။ အဲဒီလို ဆေးကမှန်ပေမယ့် အဲဒီဆေးကိုကိုင်တွယ်ပြီးကုသနိုင်တဲ့ ဆရာတွေက ဖော်စပ်စီစဉ်ပြီးတိုက်ကျွေးတာက ရောဂါပျောက်ဖို့၊ ကျန်းမာဖို့၊ ခွန်အားဗလရှိဖို့ ပိုမိုနီးစပ်ပါတယ်လို့ပြောတော့ မိတ်ဆွေက သဘောပေါက်သွားပါတယ်။ ဆိုင်ကဆေးဝယ်သောက်တာထက် ကျွမ်းကျင်တဲ့ဆရာနဲ့ကုသတာက ပိုအကျိုးရှိနိုင်တာကို သဘောပေါက်လက်ခံသွားပါတယ်။

ခလောကမှာ မိဘမေတ္တာများ တကယ်ပဲ ကြီးမားလှပါတယ်။ ဒါကြောင့်လည်းမိဘတွေကိုဗြဟ္မာကြီးတွေနဲ့တူတယ်လို့ ပြောကြတာပါ။ လောက မိဘများသည် ကိုယ့်သားကိုယ့်သမီးလေးတွေကို ထိမ်းမြားပေးပြီးလို့ မိဘဝတ္တရားကျေပြီလို့ သဘောမထားနိုင်ကြသေးဘူး။ သူတို့လေးတွေ အိမ်ထောင်ရက်သားကြပြီးတော့လည်း စိတ်မအေးနိုင်ကြသေးဘူး။ သူတို့လေးတွေ ကြီးပွားချမ်းသာဖို့၊ တစ်ဦးနဲ့တစ်ဦး သဘောပေါက်နားလည်တဲ့ အိမ်ထောင်သည်များဖြစ်ဖို့ ကိုယ့်သားကိုယ့်သမီးလေးတွေကို ဆင်စီးပြီးမြင်းရံတာကိုသာ မြင်ချင်ကြတာကတော့ မိဘတိုင်းရဲ့အလိုဆန္ဒပဲ

ဖြစ်ပါလိမ့်မယ်။ ဒါပေမယ့် ဘာသာရေးနဲ့နီးစပ်တဲ့မိဘများ ကျတော့ အဲဒီ ဆင်စီးပြီးမြင်းရံတာတို့၊ စီးပွားချမ်းသာ ပြောက်များစွာနဲ့ ကြီးပွားတာတို့ထက် သူတို့နှစ်ဦး သမစိတ္တ- သမသီလ- သမပညာဆိုတဲ့ စိတ်တူကိုယ်တူ အကျင့်တူ အသိအမြင်တူ ဖြစ်ကြဖို့ကို ပိုပြီးလိုလားကြ ပါတယ်။ အဲဒါလို သူတို့နှစ်ဦး အမြင်တူအကျင့်တူ စိတ်တူ ကိုယ်တူရှိကြမှ သူတို့ရဲ့အိမ်ထောင်ရေးဟာ တည်တည်တံ့ တံ့ အရှည်ခံမယ်။ အဲဒီ ဆင်စီးပြီးမြင်းရံတာတို့၊ ကြီးပွားချမ်း သာတာတို့ထက် မြဲမြံခိုင်ခံ့မယ်လို့ သဘောပေါက်ထားကြ ပါတယ်။ ဘုရားရှင်ရဲ့ ဓမ္မဆေးတော်ကြီးနဲ့ ပံ့ပိုးထားမှသာ၊ ထောက်ပံ့ထားမှသာ ထိုဂုဏ်ဒြပ်များ ပိုမိုခိုင်မြဲ အကြိတ်အခဲ အမြဲတည်တံ့မယ်ဆိုတာကို ယုံကြည်အားထား လိုလားကြ ပါတယ်။

သို့အတွက် အမရပူရမြို့၊ မဟာဂန္ဓာရုံကျောင်းတိုက် ကြီး၏ ဦးစီးနာယကဖြစ်တော်မူသော အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ကုဏ္ဍလာဘိဝံသမထေရ်မြတ် ဟောကြားတော်မူအပ် သည့် တရားတော် ဒေသနာများသည် သူ့အလှူနဲ့ သူ့တရား

သူ့အခမ်းအနားနဲ့သူ့ဒေသနာ ဒီအလှူကျ ဒီဆုတောင်း၊ ဒီမင်္ဂလာကျတော့ ဒီပဋ္ဌာန၊ သူ့နေရာနှင့်သူ လိုက်ဖက်စွာ ဟောကြားတော်မူထားတဲ့ တရားဒေသနာများဖြစ်ပါတယ်။

ဤသို့ အလှူအနေအထားနဲ့တရားစကား လိုက်ဖက်စွာ ဟောကြားရတာကလည်း လောကဝိဒူ လောကရဲ့ဥက္ကဋ္ဌ ဘုရားရှင် ကိုယ်တော်မြတ်ကြီးသည်ပင် သူ့အနေအထား သူ့တရား၊ ပုဂ္ဂိုလ်ရဲ့အလိုဆန္ဒနှင့်အညီ အနာနဲ့ဆေး လိုက်အောင်ပေးပြီး ဟောကြားတော်မူခဲ့သည့် အရိုးအစဉ် အလာရှိခဲ့ခြင်းကြောင့်ပင် ဖြစ်ပါတယ်။

ဤသည်ကို နမူနာယူ၍ ရှေးအစဉ်အလာကို လမ်းညွှန် သဖွယ်ထား၍ ဘုရားသားတော်ပီပီ ရဟန်းတော်တို့က လည်း ဆရာဘုရား၏လက်ရာနဲ့အညီ ဟောကြားတော်မူ လျက်ရှိကြပါတယ်။

ထို့ကြောင့် သံသရာခရီးခဲကြီးတွင် ကြင်ဖော်တွဲ၍ သံသရာခရီးသွား ဇနီးမောင်နှံများ၊ ထိုဇနီးမောင်နှံတို့၏ မိဘများနဲ့ စစ်မှန်သောကြီးပွားတိုးတက်မှုကို လိုလားကြ တဲ့ပုဂ္ဂိုလ်များသည် မိမိတို့ရဲ့ဆန္ဒ နှလုံးပြည့်ဝမှုကို ရှေးရှု၍

ဤသို့သောဓမ္မဒေသနာတို့ ဖတ်ရှုနာကြား လေ့လာမှတ်သား ဖို့သင့်ပါကြောင်း စေတနာကောင်းနဲ့တိုက်တွန်း လိုက်ရပါ တယ်။

ဓမ္မာစရိယ–ဦးခင်မောင်

အရေးပွဲအဖွင့်စကား

ယနေ့ မြန်မာကောဇာသက္ကရာဇ် ၁၃၄၉ ခုနှစ်၊ ပြာသိုလဆုတ် ၁၀ ရက်နေ့၊ ခရစ်နှစ် ၁၉၈၈ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက်နေ့မှာ အမရပူရမြို့၊ မဟာဂန္ဓာရုံကျောင်းတိုက်ရှိ ဘုရားသားတော် သံဃာတော်ခြောက်ရာကျော်တို့အား နံနက်အချိန် သစ်သီးဒံပေါက်ဆွမ်း ဘောဇဉ်များဖြင့် လောင်းလှူဆက်ကပ်ကြတဲ့ ကောင်းမှုရှင်များကတော့ အိန္ဒိယနိုင်ငံ၊ ဂျက်ပူမြို့မှာနေထိုင်ကြတဲ့ ဆွမ်းဒကာဦးမောင်ကိုနှင့် ဆွမ်းဒကာမ ဒေါ်ဝိမလဒေဝီ မိသားစုတို့ဖြစ်ကြပါတယ်။

ငှင်း ဆွမ်းဒကာ ဒကာမများဖြစ်ကြတဲ့ ဦးမောင်ကို၊ ဒေါ်ဝိမလဒေဝီတို့က မိမိတို့သမီး၏မင်္ဂလာဦးမှာ သမက်ဖြစ်သူ မောင်ဆူရေးရှ်နဲ့ သမီးဖြစ်သူ မရှရီကလာတို့ရဲ့ မင်္ဂလာဦးဆွမ်းအဖြစ်နဲ့ သက်သတ်လွတ်ဆွမ်းကပ်လှူကြခြင်းဖြစ်ပါတယ်။

အဆိုပါ အိန္ဒိယနိုင်ငံသား ဆွမ်းအလှူရှင်များသည် မိမိတို့၏ မိတ်ဆွေများဖြစ်ကြတဲ့ မန္တလေးမြို့၊ ၂၇လမ်း၊ ငွေဆယ် ဆပ်ပြာလုပ်ငန်းပိုင်ရှင်များဖြစ်ကြတဲ့ ဦးငွေတင်၊ ဒေါ်ဆယ်မိသားစုတို့နှင့် မန္တလေးမြို့ ၂၆ ဘီလမ်းမှ ကုန်သည်ဦးမြင့်မောင်၊ ဒေါ်ခင်ခင်အေးမိသားစုတို့ရဲ့ အကူအညီနဲ့ အခုလို ဆွမ်းကပ်လှူကြခြင်းဖြစ်ပါတယ်။

လွန်ခဲ့တဲ့မတ်လကုန်က အမေရိကန်ပြည်၊ ကာလီဖိုးနီးယားပြည်နယ်၊ ဘာကလေမြို့က မစ္စတာဘာတန်များမိသားစုတို့ ဆွမ်းကပ်လှူကြသလို အခုလည်း အိန္ဒိယနိုင်ငံကနေပြီးလာရောက်ပြီး ဆွမ်းကပ်လှူကြခြင်းဖြစ်ပါတယ်။

အိန္ဒိယနိုင်ငံသား ဒကာကြီးဦးမောင်ကိုနှင့် ဒေါ်ဝိမလဒေဝီတို့က အခုလို သံဃာတော်ခြောက်ရာကျော်တို့အား

သမီးနဲ့သားများအတွက် မင်္ဂလာဦးအဖြစ် ဆွမ်းကပ်ပေးခြင်းဖြင့် မိမိတို့ကိုယ်တိုင် သောတာပန်နဲ့တူတဲ့ ဇနီးမောင်နှံဖြစ်ရန် ရည်ရွယ်၍လည်းကောင်း၊ မိမိတို့ရဲ့သားသမီး ဇနီးမောင်နှံတို့အားလည်း သောတာပန်နဲ့တူတဲ့ ဇနီးမောင်နှံတို့ဖြစ်ရန် ရည်ရွယ်၍လည်းကောင်း ယခုလို ဆွမ်းကပ်လှူတဲ့ကုသိုလ်ကောင်းမှုအလုပ်ကို ပြုလုပ်အားထုတ်ကြခြင်း ဖြစ်ပါတယ်။

သောတာပန် ဇနီးမောင်နှံ

သောတာပန်နဲ့ တူအောင် ပြုလုပ်ပေးတယ် ဆိုတာ အပါယ်တံခါး ပိတ်အောင် ပြုလုပ်ပေးတာ ဖြစ်တယ်။ သောတာပန်ဟာ အပါယ်တံခါးပိတ်တယ်။ ငရဲမကျဘူး။ တိရစ္ဆာန် ဘုံမရောက်ဘူး။ ပြိတ္တာဘုံမရောက်ဖူး။ အသူရကာယ်ဘုံမရောက်ဘူး သုံးဆယ့်တစ်ဘုံမှာအောက်တန်းစားဘုံများဖြစ်တဲ့ အပါယ်လေးဘုံကိုမရောက်ဘူး။

သောတာပတ္တိမဂ်ဉာဏ် ဖိုလ်ဉာဏ်ရဲ့ ဓာတ်အားသတ္တိကြောင့် ဉာဏ်ဓာတ်အားကောင်းတော့ အထက်သံသရာဆိုတဲ့လူ့ဘုံ၊ နတ်ဘုံ၊ ဗြဟ္မာဘုံတို့မှာပဲ ကျင်လည်ရတော့တယ်။ သံသရာက နှစ်မျိုးရှိတယ်။ တချို့နေရာတွေမှာ

အပါယ်လေးဘုံကို အောက်ပိုင်း၊ လူ့ဘုံ နတ်ဘုံကို အလယ်ပိုင်း၊ ဗြဟ္မာဘုံကိုအထက်ပိုင်းဆိုပြီး သံသရာကို သုံးပိုင်းပိုင်းတယ် ဒီမှာတော့လူ့ဘုံ၊ နတ်ဘုံနဲ့ ဗြဟ္မာဘုံကိုတစ်မျိုးတည်းပေါင်းပြီး အထက်ပိုင်းလို့ဆိုထားတယ်။ အောက်ပိုင်းသံသရာနဲ့အထက်ပိုင်းသံသရာတဲ့။ အောက်ပိုင်းသံသရာက ငရဲကြီးရှစ်ထပ်နဲ့ ငရဲအမျိုးမျိုး၊ တိရစ္ဆာန်အမျိုးမျိုး ပြိတ္တာအမျိုးမျိုး၊ အသူရကာယ် အမျိုးမျိုးတို့ကို အောက်ပိုင်းသံသရာလို့ခေါ်တယ်။ အငတ်ငတ်အပြတ်ပြတ်၊ အစားရမဲ့၊ အဝတ်ရမဲ့၊ အနေရမဲ့နဲ့ အစားဆင်းရဲ၊ အဝတ်ဆင်းရဲ၊ အနေဆင်းရဲပြီး အောက်ကျနောက်ကျသူများ အနှိပ်စက်ခံရ၊ အညှဉ်းပန်းခံရတဲ့ အောက်ပိုင်းသံသရာ၊ အောက်တန်းသံသရာတွေဖြစ်တယ်။ အဲဒီ သံသရာက လေးဘုံရှိတယ်။

အထက်ပိုင်းသံသရာဆိုတာက လူ့ဘုံ၊ နတ်ဘုံ၊ ဗြဟ္မာ့ဘုံများဖြစ်တယ်။ အစားအသောက်၊ အဝတ်အရုံ၊ အနေအထိုင်တို့ ချမ်းချမ်းသာသာ တင့်တယ်စွာနေနိုင်တဲ့ ဘုံများဖြစ်တယ်။ သူက ၂၇ဘုံရှိတယ်။ အထက်ပိုင်းသံသရာလို့ခေါ်တယ်။ ပေါင်းလိုက်တော့ ၃၁ဘုံဖြစ်တယ်။

မိမိကိုယ်ကို သောတာပန်နဲ့တူအောင် ကျင့်တယ်ဆို တာ အဲဒီ အပါယ်လေးပါးလို့ခေါ်တဲ့ အောက်ပိုင်းသံသရာထဲ ရောက်မသွားအောင် ကျင့်ရတာပဲ။ အခုလို သံဃာတော် ခြောက်ရာကျော်တို့အား ဆွမ်းလောင်းလှူတဲ့ ဒါနစေတနာအား ကြီးတွေ၊ ထိန်သိမ်းဆောက်တည်ရတဲ့ သီလစေတနာအား ကြီးတွေ၊ ပွားများအားထုတ်ရတဲ့ ဘာဝနာစေတနာအားကြီး တွေက အဲဒီ အပါယ်တံခါးပိတ်အောင် စွမ်းဆောင်နိုင် တယ်။ ဒါကြောင့် ဇနီးမောင်နှံအများတို့ကို သောတာပန် နဲ့တူအောင် ကျင့်ကြံ ကြိုးကုတ်အားထုတ်စေလိုတဲ့ ဗုဒ္ဓရှင် တော်မြတ်က ဝေရဉ္စသုတ်တော်မှာ အခုလို ဟောတော် မူထားတယ်။

ဓေရွှသုတ်

ဝေရဉ္စသုတ်တော်မှာ ဘယ်လို ဟောထားသတုံးဆိုတော့ ဇနီးမောင်နှံလေးမျိုးရှိတယ်တဲ့။ အစုံလေးစုံရှိတယ်။ လောကမှာ ဇနီးမောင်နှံတွေ တစ်စုံချင်း တစ်စုံစီ လျှောက်ကြည့်ရင်တော့ အများကြီးပေါ့။ မရေမတွက်နိုင်အောင် ရှိကြမှာပေါ့။ သို့သော်လည်း အမျိုးအစားခွဲလိုက်ရင်တော့ ၄ မျိုးပဲရှိတယ်၊ ၄ စားပဲရှိတယ်တဲ့။

အဲဒီဇနီးမောင်နှံလေးမျိုးရှိတဲ့ အကြောင်းကို ဘုရားရှင်က ဝေရဉ္စာမြို့နားမှာ မဂ်လာဆောင်အခမ်းအနားကို လာကြတဲ့ ပရိသတ်တွေကို ဟောကြားတော်မူတာဖြစ်လို့

ဝေဠုသုတ်ဆိုပြီးတော့ ဘုန်းကြီးတို့ ဒီပိဋကတ်တော်မှာ အထင်အရှားရှိပါတယ်။

ဗုဒ္ဓရှင်တော်မြတ်ဘုရားသည် ဘုရားဖြစ်တော်မူပြီး နောက် ကျွတ်ထိုက်ကြသူ နတ်လူဗြဟ္မာသတ္တဝါအများတို့ အား သနားကရုဏာ ရှေးရှုကာဖြင့် ဒေသစာရီလှည့်လည် တော်မူလေ့ရှိပါတယ်။ အခါတစ်ပါး မြတ်စွာဘုရားသည် နောက်ပါရဟန်းတော် ငါးရာနဲ့အတူ ဝေဠုမြို့အနီးတော အုပ်ကြီးထဲကို ရောက်တော်မူလာပါတယ်။ အဲဒီလိုရောက် တော်မူလာပြီးနောက် ညဦးပိုင်းအချိန် တောအုပ်ကြီးထဲမှာ သီတင်းသုံးတော်မူကြပြီး နံနက် မိုးသောက် အလင်းရောက် တဲ့အချိန်မှာ ဝေဠုဒွာမြို့ရဲ့ အနီးပတ်ဝန်းကျင် ကျေးရွာများက အမျိုးသား၊ အမျိုးသမီးတို့တစ်စုဟာ ဝေဠုမြို့ဆီကို ဝတ် ကောင်းစားလှတွေ ဝတ်ဆင်ကြလို့ ပျော်ပျော် ပါးပါး စကားတပြောပြော တသောသောနဲ့ ခရီး ထွက်လာကြ ပါတယ်။ ဝတ်ဆင်လာကြတဲ့ ရွှေငွေ စိန်ကျောက်အစ ရှိတဲ့ရတနာတွေကလည်း ထိန်ထိန်တောက်နေကြတယ်။ အဲဒီ အချိန်မှာ ဘုရားရှင်ကိုယ်တော်မြတ်နဲ့ ရဟန်းတော်

ငါးရာတို့ဟာလည်း အဲဒီတောအုပ်ကြီးထဲမှာ သီတင်းသုံးတော်မူနေကြတယ်။ အဲဒီ အမျိုးသား၊ အမျိုးသမီးတွေက သူတို့ သွားကြရမယ့် ခရီးကလည်း ဒီတောအုပ်ကြီးကို ဖြတ်သန်းပြီး သွားကြရတာဖြစ်တော့ ဘုရားရှင်ကိုယ်တော်မြတ်ကလည်း လမ်းဘေး ညောင်ပင်ကြီး တစ်ပင်အောက်မှာသီတင်းသုံး ထိုင်တော်မူနေတာကို ခရီးသွားအမျိုးသား၊ အမျိုးသမီးတွေကမြင်တော့ မြတ်စွာဘုရား ဒီရောက်တော်မူနေပါလားဆိုပြီး ဝင်ပြီးရှိခိုးကြ၊ ဝပ်ချကြ၊ ကန်တော့ကြပါတယ်။

အဲဒီအခါမှာ မြတ်စွာဘုရားက ဥပါသကာ-ဥပါသိကာမတို့၊ ဘယ်ကို ဘာကိစ္စနဲ့ သွားကြမလို့တုံးလို့ မေးတော်မူလိုက်ပါတယ်။

ဒီတော့ အမျိုးသား၊ အမျိုးသမီးတွေကလည်း တပည့်တော်တို့ဘုရား ဒီဝေရဉ္စာမြို့ထဲမှာ သူဌေးသား‌နဲ့သူဌေးသမီးတို့ရဲ့ လက်ထပ်မင်္ဂလာပွဲ တစ်ခုရှိပါတယ်ဘုရား။ အဲဒီ

လက်ထပ်မင်္ဂလာပွဲက ဖိတ်မန္တကပြုလို့ တပည့်တော်တို့ အားပေးချီးမြှောက်ပြုလုပ်ဖို့ရာ လာကြပါတယ်ဘုရားလို့ လျှောက်ထားကြတယ်။

ဇနီးမောင်နှံ လေးမျိုး

အဲဒီလိုလျှောက်ကြတော့ မြတ်စွာဘုရားက စတ္တာ ရော မေ ဂဟပတယော ဇယမ္ပတိကာ- ဂဟပတ ယော- သူကြွယ်တို့၊ ဒကာ ဒကာမတို့၊ ဇယမ္ပတိကာ- ဇနီးမောင်နှံအစုံတို့သည်၊ ဣမေစတ္တာရော- ဤလေးမျိုး တို့ရှိကုန်၏။

ဥပါသိကာ ဥပါသိကာမတို့၊ လောကမှာ ဇနီးမောင်နှံ လေးမျိုး လေးစုံတို့ရှိကြတယ် ဒါယကာတို့၊ လောကမှာ ဇနီးမောင်နှံတွေ အစုံလိုက်အစုံလိုက် ရှိကြတဲ့အနက် တစ် ယောက်ချင်း၊ တစ်တွဲချင်းလျှောက်ပြီးတော့ ရေတွက်ရင် တော့ မရေမတွက်နိုင်အောင်ပဲများပါတယ်။ ဒါပေမယ့်

ငါဘုရား သဗ္ဗညုတဉာဏ်တော်နဲ့ ခွဲခြားပိုင်းဖြတ်ပြီးတော့ ကြည့်လိုက်တော့ ဒီလေးမျိုးလေးစား ဒီလေးစုံပဲရှိတယ် ဒါယကာတို့။

အဲဒီလေးစုံထဲက အခုသင်တို့သွားကြမယ့် ဇနီးမောင် နှံအစုံက ဘယ်လို ဇနီးမောင်နှံအစုံတုံး။ အဲဒီလို ဘုရား ရှင်ကမေးတော်မူလိုက်တော့ ပရိသတ်က မှန်လှပါမြတ်စွာ ဘုရား၊ တပည့်တော်တို့ကို အကျယ်တဝင့် ချဲ့ထွင်ရှင်း လင်း ဟောကြားတော်မူပါဘုရား။ ဇနီးမောင်နှံလေးမျိုးလေး စုံကို မြတ်စွာဘုရားဟောတော်မူမှ တပည့်တော်တို့သိကြ ရပါမယ်ဘုရား။

လောကမှာ ဇနီးမောင်နှံလေးမျိုးလေးစုံ ရှိကြတယ် ဒကာတို့-

(၁) ဒေဝေါ ဆဝိယာသံဝသတိ-

လင်ကသောတာပန်နဲ့တူပြီးတော့ မယားက တိရစ္ဆာန်နဲ့တူတဲ့ ဇနီးမောင်နှံတစ်စုံ။

(၂) ဆဝေါ ဒေဝိယာသံဝသတိ-

လင်ကတိရစ္ဆာန်နဲ့တူပြီး မယားက သောတာ ပန်နဲ့တူတဲ့ ဇနီးမောင်နှံတစ်စုံ။

(၃) ဆဝေါဆဝိယာ သံဝသတိ-

လင်ကလည်း တိရစ္ဆာန်နဲ့တူ၊ မယားကလည်း တိရစ္ဆာန်နဲ့တူတဲ့ ဇနီးမောင်နှံတစ်စုံ။

(၄) ဒေဝေါ ဒေဝိယာသံဝသတိ-

လင်ကလည်း သောတာပန်နဲ့တူ၊ မယားက လည်းသောတာပန်နဲ့တူတဲ့ ဇနီးမောင်နှံတစ်စုံ။

အဲဒီလိုလေးစုံရှိတယ်။ အဲဒီလေးစုံထဲက [(၁)လင် သောတာပန်-မယား တိရစ္ဆာန်။ (၂)လင်တိရစ္ဆာန် မယား သောတာပန်။ (၃)လင်ကလည်းတိရစ္ဆာန်၊ မယားကလည်း တိရစ္ဆာန်၊ (၄)လင်ကလည်းသောတာပန်-မယားကလည်း သောတာပန်။ အဲဒီလေးစုံထဲက-]



■ သောတာပန်လား
ပယ်တံခါး
မမှားပိတ်တဲ့သူ

သောတာပန်နဲ့တူသူ၏ အရည်အချင်း

သောတာပန်နဲ့တူတယ်ဆိုတာ အရည်အချင်း (၃) ချက်ရှိတယ်။ သရဏဂုံတည်၊ ပဥ္စသီ၊ အာဇီသန့်ရှင်းစေ တဲ့။ (၁) •သရဏဂုံသုံးပါးတည်ရမယ်။ (၂) ပဥ္စသီလ ငါးပါးသီလတည်ရမယ်။ (၃) အာဇီဝ အသက်မွေးမှုသန့်ရှင်းစေရမယ်ဆိုတဲ့ အချက်နဲ့ အရည်အချင်း ၃ခုနဲ့ပြည့်စုံရမယ်။ အဲဒီ ၃ချက်နဲ့ပြည့်စုံရင် လင်ယောကျ်ားက အဲဒီသုံးချက်ရှိနေရင် အဲဒီလင်ယောကျ်ားဟာ သောတာပန်နဲ့တူတယ်တဲ့။ သောတာပန်ပုဂ္ဂိုလ်သည် အပါယ်မကျသလို အပါယ်တံခါးပိတ်သလို အဲဒီသောတာပန်နဲ့တူတဲ့ လင်ယောကျ်ားလည်း အပါယ်တံခါးပိတ်တယ်တဲ့။ သရဏဂုံတည်၊ ပဥ္စသီ၊ အာဇီသန့်ရှင်းမှု၊ သောတာပန်လား၊ ပါယ်တံခါး၊ မမှားပိတ်တဲ့သူ–တဲ့။

သရဏဂုံတည်တယ်ဆိုတာဘာလဲ

ဒီတော့သရဏဂုံတည်တယ်ဆိုတာ ဘာတုံးလို့ဆိုလို့ ရှိရင် နှုတ်အဆို ကိုယ်အလုပ် ၂ မျိုးလုံး သရဏဂုံ တည်တာကိုပြောတာ။ သရဏဂုံဆိုတာ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံသရဏံ ဂစ္ဆာမိ၊ သံဃံသရဏံဂစ္ဆာမိ၊ ဘုရားကိုကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။ တရားတော် မြတ်ကို အားကိုးအားထားပြုပါ၏။ ကျင့်ကြံပါ၏။ အရိ ယာသံဃာတော်မြတ်နဲ့ ယခုလက်ရှိ သမ္မုတိသံဃာတော် မြတ်တို့ကို အားကိုးအားထားပြုပါ၏။

အဲဒီလို နှုတ်ကလည်းဆိုရတယ်၊ ကိုယ်ကလည်းပါရ တယ်။ နှုတ်ကလည်းဆို ကိုယ်ကလည်းပါတဲ့ သရဏဂုံကို

ပြောတာ။ နှုတ်ကတော့ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ပါးစပ်ကတော့ ဗုဒ္ဓံသရဏံဂစ္ဆာမိ၊ ဓမ္မံသရဏံဂစ္ဆာမိ၊ သံဃံသရဏံ ဂစ္ဆာမိဆိုပြီး ရွတ်ကြတာပေါ့။ သီလ ဆောက်တည်တဲ့အခါလည်းဆိုကြတာပေါ့။အဲဒါလိုနှုတ်ကဆို ရုံနဲ့မပြီးသေးဘူး။ ကိုယ်ကတည်ရတယ်။ ကိုယ်ကလည်း တည်ရတယ်ဆိုတာ နံနက်စောစောအိပ်ရာကနိုးပြီးတော့ လာလိုက်တာနဲ့ တစ်ပြိုင်နက် အိပ်ရာနိုးလျှင်၊ ဘုရား ရှင်၊ ဦးတင်လက်အုပ်ချီရသည် ဆိုတဲ့အတိုင်း အိပ်ရာက ဖျတ်ခနဲနိုးလျှင်လည်း ဘုရားကို လက်အုပ်ချီလျက် နိုး လာအောင် အလေ့အထ ပြုပေးထားရတယ်။ ဒါ စော စောကတည်းက အလေ့အလာပြုပေးရတယ်။ အိပ်ရာက နိုးလာတာနဲ့ ဗုဒ္ဓံသရဏံဂစ္ဆာမိကို ပါးစပ်ကဆိုပြီး လက်က လက်အုပ်ချီလျက် နိုးလာဖို့ လေ့ကျင့်ထားရတယ်။ အဲဒီ နောက် ကိုယ်လက် သုတ်သင်သန့်ရှင်းပြီးတဲ့အခါ တတ်နိုင် လျှင် ဘုရားခန်းဝင်ပြီးတော့ ဘုရားပန်းတော်၊ ရေချမ်း တော်ကပ်လို့၊ မီးပူဇော်လို့၊ ဆွမ်းတော်ကပ်လို့၊ အမွှေး နံ့သာတွေပူဇော်လို့ အဲဒီလို ဘုရားဂုဏ်တော်တွေ အာရုံ

ပြုပြီးတော့ နေရတယ်။ ဘုရားရှိခိုးတယ်ပေါ့။ အဲဒါလို နှုတ်ကဆိုရုံတင်မက ကိုယ်ကလည်း ပါရတယ်။ အဲဒါကို နှုတ်အဆို ကိုယ်အလုပ်လို့ပြောတာ။

နောက် ဓမ္မံသရဏံဂစ္ဆာမိကို ပါးစပ်ကလည်းဆို၊ တရားတော်အတိုင်းလည်း လိုက်နာကျင့်သုံးရတယ်။ ဆိုပါတော့ ဒကာကြီးဦးမောင်ကို–ဒေါ်ဝိမလဒေဝီတို့က သမီးနဲ့သားအတွက်ဆိုပြီး သံဃာတော်တွေကို မင်္ဂလာဦးဆွမ်းလောင်းကပ်လှူတာ၊ ဒါဓမ္မံသရဏံဂစ္ဆာမိပဲ။ တရားတော်အတိုင်းကျင့်တာ ဓမ္မံသရဏံဂစ္ဆာမိလို့ခေါ်တယ်။ ပါးစပ်ကဆိုရုံနဲ့မပြီးဘူး။ ကိုယ်ကလည်း ပါရမယ်။ တရားတော်အတိုင်းကျင့်တာ၊ ဒါနကုသိုလ်ကောင်းမှုပြုတာ၊ သီလကိုထိန်းသိမ်းစောင့်ရှောက်တာ၊ ဘာဝနာကိုပွားများအားထုတ်တာ ဒါ ဓမ္မံသရဏံဂစ္ဆာမိပဲ။ အဲဒီလိုဝစီကံ ကာယကံ ၂ မျိုးလုံးပါရတယ်။

သံဃံ သရဏံ ဂစ္ဆာမိ – သံဃာတော်တွေကိုပူဇော်။ သံဃာတော်တွေဟောတဲ့ တရားကို နာယူ၊ သံဃာတော်

တွေရဲ့အဆုံးအမကို လိုက်နာ အဲဒီတော့မှ သံဃာသရဏဂုံ ဂစ္ဆာမိဖြစ်တယ်။

အဲဒီလို ခင်ပွန်းသည်ဖြစ်တဲ့သူက သရဏဂုံသုံးပါးကို နှုတ်ရော ကိုယ်ရောတည်တယ်ဆိုရင် အဲဒါ(၁)နံပါတ်အ ရည်အချင်းနဲ့ပြည့်စုံပြီ။ ဒါဆို သောတာပန်နဲ့တူပြီလို့ဆိုရ

ပဉ္စသီ သို့မဟုတ် ရှောင်သီလ၊ ဆောင်သီလ

နံပါတ် (၂)ဖြစ်တဲ့ ပဉ္စသီဆိုတာက ဘာတုံးဆိုတော့ ပဉ္စဆိုတာ–ငါး၊ သီဆိုတာ သီလ–ကျင့်ဝတ်၊ ငါးပါးသော ကျင့်ဝတ်။ ငါးပါးသောကျင့်ဝတ်ဆိုတာ ၂မျိုးရှိတယ်။ (၁) ဝါရိတ္တသီလ၊ (၂)စာရိတ္တသီလတဲ့။ အဲဒါလိုသီလကျင့်ဝတ်က ၂မျိုးရှိတယ်။ ဗမာလိုပြောရင် (၁) ရှောင်ရတဲ့ကျင့်ဝတ်၊ (၂) ဆောင်ရတဲ့ကျင့်ပတ်။ ရှောင်သီလ–ဆောင်သီလပေါ့။ (၁) ရှောင်သီလဆိုတာ ဘာပြောတာတုံးဆိုရင်တော့ ငါးပါးသီလကိုပြောတာ။ သူ့အသက်သတ်တာရှောင်၊ သူ့ဥစ္စာခိုးတာရှောင်၊ သူ့အိမ်ရာပြစ်မှားတာရှောင် မုသားပြောတာရှောင်၊ သေအရက်သောက်တာရှောင် အဲဒါရှောင်သီလငါးပါးပဲ။ ဝါရိတ္တ–သီလ ငါးပါးသီလပဲ

ဆောင်သီလဆိုတာ ဘာတုံးလို့ဆိုတော့ ကိုယ်လုပ်ရမယ့်ဝတ္တရားကိုပြောတာ။ ကိုယ်ကမိဘဖြစ်နေရင် သားသမီးအပေါ်ပြုရမယ့် ဝတ္တရားငါးပါးရှိတယ်။ ကိုယ်ကသားသမီးဖြစ်နေရင် မိဘအပေါ်ပြုရမယ့်ဝတ္တရားငါးပါးရှိတယ်။ လင်ရယ်၊ မယားရယ်ဆိုတော့ လင်ကမယားအပေါ်ပြုရမယ့်ဝတ္တရားငါးပါးရှိတယ်။ မယားကလင်အပေါ်ပြုရမယ့်ဝတ္တရားငါးပါးရှိတယ်။ ဆရာကတပည့်အပေါ်၊ တပည့်ကဆရာအပေါ် ပြုရမယ့်ဝတ္တရားငါးပါးစီရှိကြတယ်။ အဲဒါပဉ္စသီလပဲ။ ပဉ္စငါးပါး။ သီလဆိုတာကကျင့်ဝတ်။ အဲဒီဝတ္တရားတွေကို သီလလို့ခေါ်တယ်။ ဆောင်သီလပေါ့။ အဲဒီတော့ ရှောင်သီလငါးပါးလုံခြုံရုံတင်မကဘူး။ ကိုယ်ပြုရမယ့်ဝတ္တရားငါးပါးကိုလည်း သားအပေါ်၊ မယားအပေါ်၊ မိဘအပေါ်၊ ဆရာ့အပေါ်၊ လင်အပေါ်၊ တပည့်အပေါ် ဝတ္တရားကျေအောင်ပြုရတာယ်။

ဒီတော့ အဲဒီခင်ပွန်းသည်ဟာ (၁)သရဏဂုံလည်းတည်တယ်။ (၂) ငါးပါးသီလ ရှောင်သီလလည်း လုံခြုံတယ်။ သူပြုလုပ်ရမယ့် ဝတ္တရားတွေလည်းကျေတယ်။ ဆောင်သီလငါးပါး

ကိုလည်း ကျေအောင်ပြုတယ်ဆိုရင် အဲဒီခင်ပွန်းသည်ဟာ (၂) နံပါတ် ပဋ္ဌသီလဆိုတဲ့ အရည်အချင်းနဲ့ပြည့်စုံပြီ။ ဒါဆို သောတာပန်နဲ့တူပြီလို့ ဆိုရတယ်။

လင်္ကာဝတ္တရားငါးပါး

မထေမဲ့ကင်း၊ အပ်နှင်းဥစ္စာ၊ မိစ္ဆာမမှား၊ ဝတ်စားဆင်ယင်၊ မြတ်နိုးကြင်၊ ငါးအင်လင်ကျင့်ရာတဲ့။ သိင်္ဂါလောဝါဒသုတ်မှာ ဘုရားဟောထားတယ်။ အဲဒါကို ဆရာတော်ကြီးများက နားလည်လွယ်အောင် ဆောင်ထားလို့ရအောင် ဆောင်ပုဒ်–လင်္ကာလေးတွေနဲ့သီကုံးပြုလုပ်ထား ကြတယ်။ အဲဒီလို ခင်ပွန်းသည်က လင့်ဝတ္တရားငါးပါး ဘယ်လို ကျေပွန်ရသလဲဆိုတော့

မထေမဲ့ကင်း။ မထေမဲ့ကင်းတဲ့။ မိမိဇနီးသည်အပေါ်မှာ ငါ့လုပ်စာမှီစားနေတာပဲ၊ ငါ့ပစ္စည်းမှီခိုစားနေတာပဲဆိုပြီး အထင်တသေးမပြုရဘူး။ ဇနီးသည်တွင်မကဘူး။

ဇနီးသည်နှင့် စပ်လာတဲ့ မိဘတွေ ဆွေမျိုးတွေကိုလည်း ငါ့အိမ်လာကပ်စားနေတာပဲ။ ဒီလိုသဘောမထားရဘူး။ အထင်တသေး မပြုရဘူး။ သဘောထားရမှာကိုက ပါရမီဖြည့်ဘက်လို့သဘောထားရတယ်။ မိမိဇနီးသည်ဟာ ပါရမီဖြည့်ဘက်ဖြစ်လို့ ငါနဲ့လာဆုံကြရတယ်။ လာတွေကြရတယ်။ ဒီလိုသဘောထားလိုက်ရင် အဲ့ထင်သေးမှုတွေ ပျောက်သွားတာပဲ။ အင်း မိမိနဲ့ ပါရမီဖြည့်ဘက်မို့၊ ရှေးကရေစက်နီးခဲ့လို့၊ ရှေးကချခဲ့ဖူးတဲ့ ရေစက်၊ ပန္နက်ဖူးသောသစ္စာရှိလို့သာ ဒီလိုလာဆုံကြရတယ်လို့ အဲဒီလိုသဘောထားလိုက်ရင် သူနဲ့စပ်တဲ့ဆွေမျိုးတွေ၊ အဖေတွေ၊ အမေတွေ၊ ညီအစ်ကိုမောင်နှမတွေ ဒါ ကိုယ့်ဆွေမျိုးဖြစ်သွားတာပဲ။

အမေအဖေ မတော်ခဲ့တဲ့သူ ရှားတယ်

လောကမှာ အမေအဖေဆိုတာ မျက်ခုံးမွေးတဆုံး ကြည့်ရင် အခု ခဏလေးကြည့်ရင်တော့ ဒီအမေ ဒီအဖေပဲမြင်လိမ့်မယ်။

သံသရာနဲ့ချီပြီးကြည့်ရင်တော့ ဘုန်းကြီးတို့တစ်တွေ၊ ခု ဒကာ ဒကာမတွေ၊ အမေအဖေ မတော်ခဲ့ဖူးတဲ့သူ ရှားတယ်တဲ့။ အင်္ဂုတ္တိုရ်ပါဠိတော်မှာ ဘုရား ဟောထားတယ်။ နသော ဘိက္ခဝေ သတ္တော သုလဘ ရူပေါ ယော နမာရပုဗ္ဗော န ပိတုပုဗ္ဗောတဲ့။ ဗမာလိုကတော့ သံသရာတစ်လျှောက် ဘဝများစွာ ကျင်လည်ခဲ့ရတာ ဖြစ်တော့ ဘဝတိုင်း ဘဝတိုင်း အမေအဖေဆိုတာက တွေ့ခဲ့ကြရတာ

ကိုး။ ဒီတော့ အမေမတော်ခဲ့ဖူးတဲ့သူ၊ အဖေမတော်ခဲ့ဖူးတဲ့သူ မရှိသလောက်ရှားတယ်တဲ့။

ဒီတော့ အခု လောလောဆယ်အနေနဲ့ ကြည့်ရင်ပဲ ကိုယ့်ဇနီးသည်ရဲ့ အမေအဖေဟာ သံသရာတစ်လျှောက်မှာ ကိုယ့်အမေ၊ ကိုယ့်အဖေ မဖြစ်ခဲ့ဖူးလို့မပြောနိုင်ဘူး။ ဒီတော့ အဲဒီလိုမြင်လိုက်လို့ရှိရင် ဒါ ဇနီးသည်ရဲ့အမေအဖေဟာ သူစိမ်းမဟုတ်ဘူး။ ကိုယ့်အမေအဖေပဲ။ ယခုလောလောဆယ်လည်း လောကီအပြောနဲ့ပြောရင် ဒါ အမေအဖေပဲ။ အဲဒီလိုအားဖြင့် ဇနီးသည်နဲ့တကွဇနီးသည်ဘက်ကစပ်ရာစပ်ရာတွေကို အထင်တသေးမပြုရဘူးတဲ့။

ရေစက်နိုးလို့

ပါရမီဖြည့်ဘက်တွေ ရေစက်နိုးကြလို့ လာတွေ့ကြရတယ်၊ အဲဒီလို သဘောထားလိုက်ပါတဲ့။ မှန်လည်းမှန်ပါတယ်။ လောကမှာလူတွေ အများကြီးရှိပါလျက်နဲ့ အဲဒီအထဲက သူနဲ့ကိုယ်နဲ့မှ လာတွေ့ဆုံကြရတယ်ဆိုတာ ရေစက်နိုးလို့ ကြုံဖန်တွေ့ကြရတာ မဟုတ်လား။ ဒါ ငါးရာ့ငါးဆယ်ဇာတ်တော်တွေကို လိုက်ကြည့်ရင်လည်း ဘုရားအလောင်းတော်နဲ့ ယသော်ဓရာ အလောင်းတို့ ဘယ်လောက်ဝေးဝေး ပြန်တွေ့ကြတာပဲ။ ရှင် မဟာကဿပ အလောင်းတော်နဲ့ ဘဒ္ဒါအလောင်းတို့ ဘယ်လောက်ပဲ ဝေးနေနေ ဘာတွေခြားနေနေ ပြန်တွေ့ကြတာပဲ။ အဲဒီလိုပဲ ပါရမီဖြည့်ဘက်တွေ

ဆိုတာ ရေစက်နီးကြတော့ ပြန်တွေ့ကြတာပဲ။ အဲဒါလို သဘောထားလိုက်ရင် ဇနီးသည်နဲ့ ဇနီးသည်ဘက်က သူတွေအပေါ်မှာ အထင်သေးမှုဆိုတာတွေ မထေမဲ့မြင်ရှိမှု တွေဟာ ပျောက်ကင်းသွားတာပါပဲ။ အဲဒါလို ဇနီးသည်ရဲ့ အပေါ်မှာ မထေမဲ့မှုကင်းရမယ်တဲ့။

အပ်နှင်းဥစ္စာ

ဒုတိယအချက်က အပ်နှင်း ဥစ္စာတဲ့။ မိမိ ရှာဖွေလို့ရတဲ့ ပစ္စည်း အကုန်အပ်ရတယ်တဲ့။ ပြီးတော့ ကိုယ်လိုချင်တာ· ထင်ထင်ရှားရှား သိသိသာသာ ကျေကျေ နပ်နပ်ပြောပြီး တောင်းယူ သုံးရတယ်။ အဲဒီလိုလုပ်ရင် တစ်ယောက်နဲ့ တစ်ယောက် မေတ္တာ အစေးမပြယ်ဘူး။ ဒီလိုမဟုတ်ဘဲ တစ်နေ့ရတာက ငါးဆယ်ဝင်တယ်။ အပ်တော့ ၂၅ကျပ်ပဲအပ်တယ် ပေးတယ်ဆိုရင်၊ ဝှက်ထားချန်ထားတယ် ဆိုရင် ကြာတော့ တစ်ယောက်နဲ့ တစ်ယောက် အထင် မှားပြီး ဘယ်ပေးတာပါလိမ့်။ ဟိုပေးတယ်ထင်၊ ဒီပေး တယ်ထင်နဲ့ အဲဒါ အထုံးအဖွဲ့လေးတွေဖြစ်ပြီး နောင်အခါ ထစ်ခနဲဆို စကားများစရာရှိ အဲဒါတွေ အပေါ်ဖော်ကြပြီး

ဒါတစ်ခါတည်း ခိုက်ရန်ဒေါသတွေဖြစ်ကြ၊ မိဘက်ဘဘက် တွေမျက်နှာပျက်ကြရ။ သားတွေ သမီးတွေ ဒုက္ခရောက် ကြရ။ အဲဒါကြောင့် ဘုရားရှင်ကိုယ်တော်မြတ်က အပ်နှင်း ဥစ္စာတဲ့။

မိစ္ဆာမမှား

တတိယအချက်က မိစ္ဆာမမှားတဲ့။ အက္ခစုတ္တလို့ခေါ်တဲ့ အလောင်းအစားတွေ၊ သုရာစုတ္တလို့ခေါ်တဲ့ အသောက် အစားတွေ၊ ဣတ္ထိစုတ္တလို့ခေါ်တဲ့ ဟိုကိစ္စ ဒီကိစ္စ အပျော် အပါးတွေ၊ သူ့အိမ်ရာနဲ့ ပျော်ပါးလေလွင့်တာမျိုးတွေ မပြု လုပ်ရဘူး။ မိစ္ဆာလို့ခေါ်တဲ့ မှားယွင်း ဖောက်ပြားမှုတွေ မလိုက်စားရဘူး။ အဲဒါမိစ္ဆာမမှားတဲ့။

ဝတ်စားဆင်ယင်

စတုတ္ထအချက်ကတော့ ဝတ်စားဆင်ယင်တဲ့။ မိမိရဲ့ ဇနီးသည်ကို မိမိတတ်နိုင်သလောက် ကိုယ့်ရဲ့ငွေကြေးဓန အင်အားအလျောက် အဝတ်အစားဆင်ယင်ရတယ်။ ရွှေ

ငွေကျောက်သံ လက်ဝတ်တန်ဆာ၊ ခြေဝတ်တန်ဆာဆင်ရ ဟယ်။ ဒါ မေတ္တာရဲ့ သက်သေသာဓက ပြကြတာပဲပေါ့။ သူ့ဟာသူ ဝယ်ဝတ်လည်းဖြစ်တာပဲ။ ဒါပေမယ့် မဟုတ်သေးဘူး။ ကိုယ်ကဝယ်ပေးရတယ်။ ဆင်ပေးရတယ်။ ခင်ပွန်းသည် လင်ယောကျ်ားဆိုတာ တစ်အိမ်ထောင်လုံးရဲ့ ဦးစီးပဲ။ မိမိ ရှာထားတဲ့ပစ္စည်း မိမိဆင်ပေးရတယ်။ ဒီတော့ မေတ္တာ ကူးယှက်လို့ ဇနီးသည်ကကျေနပ်လို့။ အေးကို ပြောစရာ ရှိရင်လည်း ဒါ ကျွန်မယောကျ်ားဝယ်လာတာ။ ကျွန်မ ခင်ပွန်းသည် ဝယ်ပေးတာ။ အဲဒီလို မေတ္တာကူးယှက်ပုံ၊ မေတ္တာ သက်ရောက်ပုံကိုပြောတာ။ ပစ္စည်းက တန်ဖိုးမရှိရင်နေပါစေ မေတ္တာအရေးကြီးပါတယ်။ အဲဒီလို မေတ္တာ ကူးယှက်နေရင် သားတွေ သမီးတွေ၊ မြေးတွေမြစ်တွေ ဆွေဘက် မျိုးဘက်တွေ ဒါ အကုန်စိုပြည်လို့ ချောမွေ့လို့ ကြည်ကြည်လင်လင် ရှိကြရတယ်။ ဒီထိအောင် ဘုရားရှင်ကမြင်တော်မူလို့ ဝတ်စားဆင်ယင်ဆိုပြီး ဟောတော်မူခဲ့တာ။

မြတ်နိုးကြင်

၅ နံပါတ် နောက်ဆုံးအချက်ကတော့ ကိုယ့်ဇနီးသည်ကို မြတ်မြတ်နိုးနိုး ကြင်ကြင်နာနာ ကရုဏာနဲ့ ဆက်ဆံပါတဲ့။ သူတို့မှာ ယောက်ျားတွေနဲ့ မတူတဲ့ အာဝေဏိကခေါ်တဲ့ သီးခြား ဒုက္ခတွေရှိကြတယ်။ ကိုယ်ဝန်ဆောင်ရခြင်း အစရှိတဲ့ ဒုက္ခတွေရှိကြတယ်။ အဲဒါတွေကို ကိုယ်ကသနားသဖြင့် ကြင်ကြင်နာနာ ကိုယ်က စောင့်ရှောက်ရတယ်။

အခုပြောခဲ့တဲ့ကျင့်ဝတ္တရားငါးပါးက ရှက်ဆောင်ပြုကျင့်ရမယ့်သီလ၊ ဆောင်သီလ - စာရိတ္တသီလလို့ ခေါ်တယ်။ ဟိုအထက်က သူ့အသက်သတ်ခြင်းစတဲ့ ငါးပါးသီလကရှောင်ရမယ့်သီလ ရှောင်သီလ-ဝါရိတ္တသီလ မပြုလုပ်ရဘူးလားလို့တားမြစ်ထားတဲ့ သီလလို့ခေါ်တယ်။

အဲဒီခင်ပွန်းသည်ဟာ အဲဒီသီလ ၂မျိုး ရှောင်သီလနဲ့ ဆောင်သီလတွေကို လိုက်နာတယ်။ ရှောင်ရမယ့်သီလကိုလည်းရှောင်တယ်။ ဆောင်ရမယ့်သီလကိုလည်း ဆောင်တယ်ဆိုရင် သောတာပန်နဲ့တူတဲ့ ခင်ပွန်းပဲ။ ဒါဆိုပဥ္စသီဆိုတဲ့ ၂နံပါတ်အရည်အချင်းနဲ့ ပြည့်စုံတယ်လို့ ဆိုရတယ်။

•

မြတ်နိုးကြင်

ယောက်ျားတွေနဲ့မတူတဲ့
အာဆောဂိကဒေါ်
သီးခြားဒုက္ခတွေရှိကြတယ်....

အာဇီသန့်ရှင်းစေ

အထက်က မှတ်တည်ထားခဲ့တဲ့ အထဲက အာဇီသန့်ရှင်း စေဆိုတဲ့ ဥနံပါတ် အရည်အချင်းကတော့ အသက်မွေး ဝမ်းကျောင်းမှု စင်ကြယ်ရတယ်တဲ့။ ကိုယ့်ထမင်းကလေး တစ်လုတ်စားရဖို့အတွက် သူများအသက်ကို မသတ်ရဘူး။ သူများ မျက်ရည်ပေါက်ကြီးငယ်ကျမှ စားရမယ့်အလုပ်မျိုး ကိုမပြုလုပ်ရဘူးတဲ့။ သူများ မျက်ရည်ပေါက်ကြီးငယ်ကျမှ ကိုယ့်တစ်ခါးလှမယ့် အလုပ်မျိုးကို မလုပ်ရဘူး။ သူများမျက် ရည်ပေါက်ကြီးငယ်ကျမှ ကိုယ့်တစ်နေရာစာရမယ့် အလုပ် မျိုးကို မလုပ်ရဘူး။

အဲဒါလို ကိုယ်ရဲ့စားဝတ်နေရေးအတွက် သူတစ်ပါးကို ဒုက္ခမပေးရဘူးလို့ဆိုတယ်။ ဒါမှ သူ့ရဲ့ အာဇီဝလို့ခေါ်တဲ့ အသက်မွေးဝမ်းကျောင်းမှုဟာ သန့်ရှင်း စင်ကြယ်တယ်လို့ ဆိုရတယ်။ သမ္မာအာဇီဝ မှန်ကန်ကောင်းမွန်တဲ့ အသက်မွေးမှုလို့ဆိုရတယ်။ အပြစ်ကင်းပြီး မှန်ကန်တဲ့ အသက်မွေးမှုများကတော့ လယ်ယာကိုင်းကျွန်း လုပ်ကိုင်ခြင်း၊ တရားသဖြင့် အရောင်းအဝယ် ပြုလုပ်ခြင်း၊ အပြစ် ကင်းစင်တဲ့ ကိုယ်မှု လက်မှု နှုတ်မှု အတတ်ပညာများဖြင့် စီးပွားရှာခြင်း၊ အဲဒါတွေဟာ မှန်ကန်ကောင်းမွန်ပြီး သန့်ရှင်းစင်ကြယ်တဲ့ အသက်မွေးမှု သမ္မာအာဇီဝများဖြစ်ကြပါတယ်။ အဲဒါလို အသက်မွေးဝမ်းကျောင်းမှုများနဲ့ အသက်မွေးတဲ့ ခင်ပွန်းသည်ကို အာဇီဝသန့်ရှင်းသူ၊ အသက်မွေးမှုစင်ကြယ်သူလို့ခေါ်ရတယ်။

အဲဒီလို အရည်အချင်း ၃ချက်နဲ့ (၁) သရဏဂုံတည်တယ်။ (၂) ပဉ္စသီလ–ရှောင်သီလ–ဆောင်သီလတို့နဲ့ပြည့်စုံတယ်။ (၃) အာဇီဝ–အသက်မွေးမှုစင်ကြယ်တယ်ဆိုတဲ့

အရည်အချင်း ၃ချက်နဲ့ပြည့်စုံတဲ့ ခင်ပွန်းသည်ကို သောတာပန်နဲ့အလားတူတဲ့ ခင်ပွန်းသည်လို့ဆိုရတယ်။

အဲဒါလို သောတာပန်နဲ့တူရင် *သောတာပန်လား၊ ပါယ်တံခါး၊ မမှားပိတ်တဲ့သူ ဆိုတဲ့အတိုင်း အဲဒီခင်ပွန်းသည်ဟာ အပါယ်မလားရဘူး။ အပါယ်တံခါး ပိတ်တယ်လို့ဆိုရတယ်။

*သရဏဂုံတည်၊ ပဉ္စသီ၊ အာဇီဝသန့်ရှင်းစေ၊
*သရဏဂုံတည်၊ ပဉ္စသီ၊ အာဇီဝသန့်ရှင်းမှု၊
*သောတာပန်လား၊ပါယ်တံခါး၊မမှားပိတ်တဲ့သူ။

မယားအိုရစ္စာန်

အဲဒီ သောတာပန်နဲ့တူတဲ့ လင်ယောကျ်ားရဲ့ မယားက တော့ သရဏဂုံလည်း မတည်ဘူး။ ဘုရားမှန်းမသိ၊တရား မှန်းမသိ၊ အဲဒီဇနီးမယားဟာ ဖီးဖို့လိမ်းဖို့ ပြင်ဖို့ ဆင်ဖို့ ခြယ်သဖို့။ ဒါပဲ သူ့အာရုံရောက်နေတယ်။ ဒါ့ပြင်လည်း အသောက်အစား အပျော်အပါး လောင်းကစားမှုတွေကို ကြိုက်နှစ်သက်တယ်။ မိစ္ဆာစာရလို့ခေါ်တဲ့ မိမိခင်ပွန်းမှတစ် ပါး အခြားသောသူ့အိမ်ရာ သူ့လင်သားကိုလည်းမှားယွင်း ဖောက်ပြားတယ်။ ငါးပါးသီလမလုံခြုံဘူး။ ဆောင်ရမယ့် သီလ ငါးပါးသော ကျင့်ဝတ္တရား တို့နဲ့လည်း တခြားစီပဲ ဖြစ်နေတယ်။ အသက်မွေးဝမ်းကျောင်းမှုကမစင်ကြယ်ဘူး။

အဲဒီလို အရည်အချင်း ၃ချက်တို့နှင့် မပြည့်စုံဘူးဆိုရင် အဲဒီမယားဟာ သောတာပန်နဲ့တူဖို့ဝေးစွ။ အဲဒီမယားဟာ တိရစ္ဆာန်မယားပဲ။ သူ့အဖို့ အပါယ်တံခါးမပိတ်ဘူး။ သူ့အတွက် အပါယ်တံခါးကြီးက အမြဲပွင့်နေတယ်။ ကြိုဆိုနေတယ်။ အဲဒီလိုဇနီးမယားမျိုးနဲ့ အထက်ကဆိုခဲ့တဲ့ လင်ယောက်ျားတို့ ဇနီးမောင်နှံတစ်စုံကို လင်သောတာပန်+မယားတိရစ္ဆာန် ဇနီးမောင်နှံတစ်စုံလို့ခေါ်ရတယ်။ အသွင်မတူ အိမ်သူမဖြစ်ဆိုသော်လည်းပဲ အဲဒီလို အသွင်မတူ အကျင့်မတူကြတဲ့ ဇနီးမောင်နှံများလည်း လောကကြီးထဲမှာ ရှိကြတယ်တဲ့။

မယားသောတာပန် လင်တိရစ္ဆာန်

ဒီ ဒုတိယဇနီးမောင်နှံအစုံက အထက်ဆိုခဲ့တဲ့ ပထမ အစုံထဲက ဇနီးမောင်နှံကို ပြောင်းပြန်လှန်လိုက်ရင် အခု ဒုတိယအစုံဖြစ်တာပဲ။ ပထမအစုံထဲက လင်ဖြစ်သူက သော တာပန်နဲ့တူတယ်။ အခု ဒုတိယအစုံက မယားကသော တာပန်နဲ့တူတယ်။ သောတာပန်နဲ့တူရတဲ့ အရည်အချင်း ၃ချက်ကလည်း အထက်ကဆိုခဲ့တဲ့ အရည်အချင်း ၃ချက် ပဲ။ (၁) သရဏဂုံတည်တယ်။ မနက်လင်းလာရင်ဘုရား ရှိခိုးလို့၊ ပန်းတော် ဆွမ်းတော် ရေချမ်းတော်ကပ်လို့၊ မေတ္တာ ပို့လို့၊ အမျှဝေလို့ သရဏဂုံသုံးပါးကိုဆည်းကပ်တယ်။။ (၂)နောက် ရှောင်ရမယ့် ငါးပါးသီလလည်း ရှောင်တယ်။

ထိန်းသိမ်းတယ်။ လုံခြုံတယ်။ နောက်ဆောင်ရမယ့် သီလ ဖြစ်တဲ့ မယားဝတ္တရားငါးပါးကိုလည်း ပြုလုပ် ကျင့်ဆောင် တယ်။ မယားဝတ္တရား ကျေပွန်အောင် ရွက်ဆောင်တယ်။ အဲဒီ ဆောင်သီလငါးပါးချင်း အရေအတွက်ကတော့ တူ တယ်။ ကျင့်ရမယ့် ကျေပွန်ရမယ့် ဝတ္တရားကနေတော့ လင်နဲ့ မယားမတူကြဘူး။ တစ်မျိုးစီပဲ။

ဥစ္စာမြီ တားဗိုက်ကလို့
ရှေးလူကြီးသူမတွေဆိုခဲ့ကြတာ . . .

မယားဝတ္တရားငါးပါး

အိမ်တွင်းမှုလုပ်၊ သိမ်းထုပ်သေချာ၊ မိတ္တာကြဉ်ရှောင်၊ လျော်အောင်ဖြန့်ချိ၊ ပျင်းရိမမှု၊ ဝတ်ငါးဆူ၊ အိမ်သူမယ်တို့တာ။အဲဒါလိုမယားဝတ္တရားငါးပါးရှိတယ်။

အဲဒီငါးပါးထဲက–

(၁) အိမ်တွင်းမှုလုပ်ဆိုတာ ဘာတုံးလို့ဆိုတော့ ခင်ပွန်းသည်က အပြင်ထွက်စီးပွားရှာနေတဲ့အချိန်မှာ ကိုယ်ကလည်းအိမ်တွင်းက အိမ်ထောင့်တာဝန်တွေကို မလစ်လပ်ရအောင် ထောင့်စေ့အောင်လုပ်ရတယ်။

(၂) သိမ်းထုပ်သေချာဆိုတာက ဘာတုံးလို့ဆိုတော့ ခင်ပွန်းသည်က ပေးအပ်လာတဲ့ပစ္စည်းကို ကိုယ်ကသိမ်းသိမ်းထုပ်ထုပ် သိုသိုသိပ်သိပ်ထားရတယ်။ ကုန်သင့်တာကုန်၊ ကျသင့်မှကျရတယ်။ ဥစ္စာဖြိုစားဖိုကတဲ့။ စားဖိုဆောင်၊ မီးဖိုချောင်က ပစ္စည်းဥစ္စာအဖြိုဆုံးပဲ၊ အကုန်ဆုံးပဲ။ ဟိုဟာလေး နည်းနည်းဝယ်၊ ဒီဟာလေး နည်းနည်းဝယ်နဲ့ ဝယ်တော့သာ နည်းနည်းလို့ပြောတာ။ အကုန်ဆုံးကသူ့ပဲ။ နည်းနည်းနဲ့စုလိုက်မတော့ အကုန်ဆုံးပဲ။ ဒါကြောင့် အိမ်တစ်အိမ်မှာ ဥစ္စာဖြိုစားဖိုကလို့ ရှေးလူကြီးသူမတွေကဆိုခဲ့ကြတာ။ မီးဖိုချောင်ကအကုန်ဆုံးပဲ။ ဒါအိမ်ရှင်မက အသုံးမတတ်လို့ရှိရင် ပိုဆိုးတာပေါ့။ ဒီတော့ အဲဒါကိုမကုန်တန်မကုန်ရအောင် တိုင်းတိုင်းထွာထွာ၊ စစ်စစ်ဆေးဆေးလုပ်ရတယ်။ ဒါကို သိမ်းထုပ်သေချာလို့ဆိုတာ။ ခင်ပွန်းသည်ရှာလာတဲ့ပစ္စည်းကို မပျောက်မပျက်ရအောင် သိမ်းထုပ်စုဆောင်းလို့၊ စားသင့်တာမှစားလို့ ထားသင့်တာထားလို့ ဒါ မယားဝတ္တရားပဲ။

(၃) နံပါတ်အချက်ကတော့ မိတ္တာကြဉ်ရှောင်တဲ့။ အထက်က လင်ကျင့်ဝတ်မှာဆိုခဲ့တဲ့ မိတ္တာမများနဲ့ မိတ္တာကြဉ်ရှောင် အတူတူပဲ။ အထက်ကဆိုခဲ့တဲ့အတိုင်း လောင်းကစားမှုတွေ၊ အသောက်အစားတွေ၊ အပျော်အပါးတွေ၊ သူ့တစ်ပါးအိမ်ရာ သူတစ်ပါး လင်သားဆိုတာတွေ ရှောင်ကြဉ်ရတယ်။

(၄) နံပါတ်အချက်ကတော့ လျော်အောင်ဖြန့်ချိတဲ့။ သူ့ဘက်ကိုယ့်ဘက် မျှမျှတတ ပေးရတယ်။ ကိုယ့်မိဘဘက် ကိုယ့်ဆွေမျိုးဘက်ကို ငွေတစ်ရာပေးနိုင်တယ်ဆိုရင် တစ်ရာဖိုး ကျွေးနိုင်တယ်ဆိုရင် သူ့ဘက် ခင်ပွန်းသည်ဘက်ကိုလည်း တစ်ရာဖိုးကျွေးနိုင်ရတယ်။ ငွေတစ်ရာပေးနိုင်ရတယ်။ ကိုယ့်ဘက်ကိုတစ်ထောင်ဖိုးဆိုရင် သူ့ဘက်ကိုလည်း တစ်ထောင်ဖိုး၊ ကိုယ့်ဘက်ကို တစ်သောင်းဖိုးဆိုရင် သူ့ဘက်ကိုလည်း တစ်သောင်းဖိုးပေးနိုင်ရတယ်။ အဲဒါလို သူ့ဘက်ကိုယ့်ဘက် မျှမျှတတ ကျွေးနိုင်မွေးနိုင် ပေးနိုင်ကမ်းနိုင်ရတယ်။ ဒါကို လျော်အောင်ဖြန့်ချိလို့ပြောတာ။ ကိုယ့်ဆွေကိုယ့်မျိုးကျတော့ ပေးချင်သလောက်ပေး၊ ကမ်းချင်

သလောက်ကမ်းပြီးတော့ ခင်ပွန်းသည်ဘက်ကျတော့ ကုပ်ကျစ်ပြီး ဒီလိုမလုပ်ရဘူး။

အဲဒီနေရာမှာလည်း အထက်ကပြောခဲ့တာလို ခင်ပွန်းသည်ရဲ့ အမေအဖေကို ကိုယ့်အမေအဖေလို သဘောထားရတယ်။ ခင်ပွန်းသည်ဘက်က ညီအစ်ကိုမောင်နှမတွေကိုလည်း ကိုယ့်ညီအစ်ကိုမောင်နှမတွေလိုပဲ သဘောထားရတယ်။ သံသရာဘဝတစ်လျှောက်လုံး အမေအဖေ ညီအစ်ကိုမောင်နှမ မတော်ခဲ့ကြဖူးတာ ရှားလှတယ်။ ငါးရာ့ငါးဆယ်ဇာတ်တော်တွေ၊ နိပါတ်တော်တွေကို ကြည့်ပြီး ပါရမီဖြည့်ဘက်တွေလို့ သဘောထားလိုက်ရင် ဒါအဆင်ပြေချောမွေ့သွားတာပဲ။ စိတ်ကအဲဒါကို လျော်အောင်ထားရတယ်။ လျော်အောင်ဖြန့်ချိရတယ်။

(၅) နံပါတ် ပျင်းရိမမှုဆိုတာက ဘာတုံးလို့ဆိုရင် အိမ်ရှင်မဟာတစ်ယောက်ဆိုတာ မပျင်းရဘူး။ တစ်အိမ်လုံးရဲ့ကျက်သရေဟာ အိမ်ရှင်မလက်ထဲမှာ တည်နေတယ်တဲ့။ ရှေးလူကြီးသူမတွေက ပြောခဲ့ကြတယ်။ ခင်ပွန်းသည်က အပြင်ထွက်စီးပွားရှာနေတာ၊ အိမ်မှာရှိနိုင်တာမဟုတ်ဘူး။ ဒီတော့

အိမ်မှာရှိတဲ့အိမ်ရှင်မက ဘုရားခန်းကို ဘုရားခန်းနဲ့တူအောင် သန့်သန့်ရှင်းရှင်း သပ်သပ်ရပ်ရပ်ထားရတယ်။ ပန်းတွေညှိုးနေရင် ပန်းသစ်လဲလို့၊ ပိုးမျှင်တွေ ဘာတွေ တန်းမနေရအောင် သုတ်သင်ရှင်းလင်းလို့ ဘုရားခန်း ကျက်သရေရှိအောင် လုပ်နေရတာ။ ဘုရားခန်းကျက်သရေရှိမှ လူကျက်သရေရှိတယ်။ ဘုရားခန်းကျက်သရေရှိမှ အိမ်ဝင်းကျက်သရေရှိတယ်။

အဲဒါလို ဘုရားခန်းကို ဘုရားခန်းနဲ့တူအောင် တန်အောင် ရေတွေဘာတွေလဲလို့၊ ပန်းတွေဘာတွေ ထိုးလို့ ဧည့်ခန်းလည်း ဧည့်ခန်းနဲ့တူအောင် တန်အောင် သန့်သန့်ရှင်းရှင်း ခင်းလို့ ကျင်းလို့။ မီးဖိုချောင်လည်း မီးဖိုချောင်နဲ့တူအောင် အိုးတွေ ခွက်တွေ၊ ပန်းကန်တွေ ဇွန်းတွေ၊ အိုးနေရာအိုး၊ ခွက်နေရာခွက်။ ပန်းကန်နေရာပန်းကန်၊ ဇွန်းနေရာဇွန်း ကိုးရိုးကားရား မဖြစ်စေရဘဲ သူ့နေရာနှင့်သူရှိရတယ်။ အဲဒီလို သိမ်းရဆည်းရ လုပ်ရကိုင်ရတယ်။ အိမ်ရှင်မတစ်ယောက်ဟာ မပျင်းရဘူး။

အိမ်ရှင်မတစ်ယောက်ရဲ့အလုပ်ဟာ မနက်မိုးလင်းလို့ မျက်စိနှစ်လုံး ပွင့်တဲ့အချိန်ကစပြီး ညနေနေဝင်လို့ ညမိုးချုပ်လို့ မျက်စိနှစ်လုံးပိတ်ပြီး အိပ်တဲ့ အချိန်အထိ အလုပ်တွေက မနည်းလှဘူး။ ဒါတွေကိုမပျင်းရဘူး။ ပျင်းနေလို့ မဖြစ်ဘူး။ လောကလူတွေကတော့ အမှတ်မဲ့ ပြောကြတာပဲ။ ယောကျ်ားနဲ့မိန်းမကို။ သူ့ယောကျ်ားက ဘယ်မှာလုပ်တုံး၊ ဘာသွားလုပ်တယ်၊ ဘယ်ရုံးလုပ်တယ်၊ ဘယ်စက်ရုံမှာလုပ်တယ်ပေါ့။ မိန်းမကရောဘာလုပ်တုံး။ မိန်းမကအလုပ်မရှိပါဘူး။ ဒါ အမှတ်မဲ့ပြောကြတာပဲ။ အိမ်ထောင်ထိန်းသိမ်းရတဲ့အလုပ်ဟာ နည်းတဲ့အလုပ်မဟုတ်ဘူး။ များတဲ့အလုပ်။ ဟိုစက်ရုံသွားတဲ့ ယောကျ်ားကမှ သူ့အချိန်နဲ့သူ့အလုပ် နည်းချင်နည်းဦးမယ်။ မနက်ရှစ်နာရီဝင် ညနေလေးနာရီပြန်၊ အချိန်သတ်မှတ်ချက်ဒီလိုရှိသေးတယ်။ လုံ့လဝီရိယနဲ့ အိမ်ရှင်မ ပီသစွာ အိမ်ထောင်ကို ထိန်းနေရတဲ့ အိမ်ရှင်မတစ်ယောက်မှာ အလုပ်အားတဲ့ အချိန်ရယ်လို့ မရှိဘူး။ ဖွပ်ရလျှော်ရတာရော၊ ချက်ရပြုတ်ရတာရော၊

ကလေးသားမြေး ထိန်းရသိမ်းရတာရော၊ အချိန်ရယ်လို့ ကန့်သတ်ချက်ရယ်လို့ကို မရှိဘူး။ တစ်ချိန်လုံးသူ့အလုပ်၊ တစ်အိမ်လုံးသူ့တာဝန်တွေချည်းပဲ။

အိမ်ရှင်မ မပျင်းမှ အိမ်ကျက်သရေရှိ

ဒါကြောင့် အိမ်ရှင်မတစ်ယောက်က ပျင်းလို့မဖြစ်ဘူး။ မပျင်းရဘူး။ အိမ်ရှင်မ မပျင်းမှ အိမ်ကျက်သရေရှိတယ်။ အိမ်ရှင်မပျင်းပြီဆိုမှဖြင့် ဘာမှမလုပ်တော့ဘူး။ တစ်ခါတည်း ဘုရားခန်းလည်း ရှုပ်ပွလို့ ကျက်သရေမရှိ။ ဧည့်ခန်းလည်း ညစ်ပတ်လို့ ထိုင်ချင်စရာမရှိ။ မီးဖိုချောင်လည်းရှုပ်ပွလို့ ခြေချချင်စရာမရှိ။ အဲဒီလို မဖြစ်ရအောင် ပျင်းရိမမူတဲ့။ မပျင်းနဲ့တဲ့။ ဘုရားရှင်ကဟောခဲ့တယ်။ တစ်အိမ်လုံးရဲ့ကျက်သရေ အိမ်ဝင်းရဲ့ ကျက်သရေ သန့်သန့်ရှင်းရှင်းရှိအောင်

လောကဝတ်ကျေတာပဲ။ လောကဝတ်ကျေရင် သံသရာဝတ်လည်းကျေတာပဲ။

အဲဒီလို ဇနီးသည်က (၁) ရတနာသုံးပါးကိုဆည်းကပ်တယ်။ သရဏဂုံတည်တယ်၊ (၂) ရှောင်ရမယ့်သီလကိုလည်းရှောင်တယ်။ ငါးပါးသီလလုံခြုံတယ်။ ဆောင်ရမယ့်သီလကိုလည်းဆောင်တယ်။ ပြုလုပ်ရမယ့် ဝတ္တရားငါးပါးလည်းကျေတယ်ပေါ့။ ပြီးတော့ (၃) အသက်မွေးဝမ်းကျောင်းမှုလည်းစင်ကြယ်တယ်။

ဒါဆိုရင် ဒီဇနီးမယားဟာ သောတာပန်နဲ့အလားတူတာပဲ။ သောတာပန်လား၊ ပါယ်တံခါး၊ မမှားပိတ်တဲ့သူဆိုတဲ့အတိုင်း သောတာပန်အပါယ်မကျသလို အဲဒီ အိမ်ရှင်မလည်းအပါယ်မကျဘူး။ သူ့အတွက် အပါယ်တံခါးကပိတ်နေတယ်။ ဒါဘုရားရှင်က ဟောကြားထားပါတယ်။

လင်းတီရှဉ္စာန်

ဒါပေမယ့် သူ့ရဲခင်ပွန်းသည်လုပ်သူကတော့ သောက်လို့စားလို့ မူးလို့ရူးလို့ မိုးမိုးမှောင်မှောင် ပုလင်းကလေးထောင်ပြီးတော့ မူးနေတာပဲ၊ ရူးနေတာပဲ၊ ကစားနေတာပဲ၊ ပျော်ပါးနေတာပဲ။ ဘာမှ ကုသိုလ်ကောင်းမှုဘာတစ်ခုမှမရှိဘူး။ ရတနာသုံးပါးကိုလည်း ကျောခိုင်းပြီးနေတယ်။ ဒါဆိုရင် ဒီကောင်ကတော့တိရစ္ဆာန်ပဲ။ ဒီတော့ . အဲဒီလိုဇနီးမောင်နှံမျိုးတွေလည်း လောကကြီးထဲမှာရှိကြတယ်။

ဒါကြောင့် အခုပြောခဲ့တဲ့ အမှတ်(၁)၊ အမှတ်(၂) ပထမအစုံ၊ ဒုတိယအစုံတို့ဖြစ်ကြတဲ့ ဇနီးမောင်နှံ ၂စုံကတော့ဖြင့် တစ်ယောက်နဲ့တစ်ယောက် အကျင့်မတူကြ

တော့ဘူး။ တစ်ယောက်ကအထက်သွားမှာ၊ တစ်ယောက်ကတော့ အောက်သွားမှာဖြစ်နေကြပြီ။

မယားတိရစ္ဆာန်၊ လင်သူမွန်တည့်
သောတာပန်လား။
မယားသောတာပန်၊ လင်တိရစ္ဆာန်တို့၊
ကျင့်ဟန်မတူ။
မကောင်းသူကား၊ မီးပူကျရှောင်း
ကောင်းကျင့်သူကား၊ သုခပွား၏။

အဲဒီလို မန်လည်ဆရာတော်ဘုရားကြီးက ဒီဝေရှုသုတ္တာန်ကိုကြည့်ပြီး ရေးသွားတော်မူခဲ့ပါတယ်။

မကောင်းကျင့်သူ မီးလိုမူ
ကောင်းကျင့်သူကားသူခမ္မား

အဲဒီလို ၂၈စုံထဲကကောင်းတဲ့သူ သောတာပန်နဲ့တူသူနဲ့ မကောင်းတဲ့သူ တိရစ္ဆာန်နဲ့တူသူတို့အနက် မကောင်းတဲ့သူ၊ မကောင်းတဲ့ အကျင့်ရှိသူများကတော့ မီးလိုပူမှာအသေအချာပဲတဲ့။ အခုပစ္စုပ္ပန်မှာလည်း မီးလိုပူမှာပဲ။ လူ့ဘဝနေရတုန်းလည်းပူမယ်။ သေတော့လည်းပူမှာပဲ။ အပါယ်လေးပါးထဲကို ထိုးကျသွားမှာသေချာပါတယ်တဲ့။

ကောင်းတဲ့သူကျတော့ ကောင်းတဲ့ အကျင့်ရှိတဲ့သူကျတော့ အခု ပစ္စုပ္ပန်လည်းချမ်းသာတယ် နောင်သံသရာလည်းချမ်းသာတယ်။အနေလည်းပျော် အသေလည်းပျော်ရတဲ့သူပဲ။

နေ့မှာပဲဖြစ်ဖြစ်၊ ညမှာပဲဖြစ်ဖြစ် သုခပွားမယ်။ ချမ်းသာမယ်တဲ့။

မယားကိုလင့် လင်ကိုမယား
တရားသဖြင့်၊ ကောင်းစွာကျင့်မူ
ငါးဆင့်နတ်ရွာ၊ ဘုံနိမ္မာဝယ်
ချမ်းသာနှစ်ပါး၊ သူခံစားလိမ့်။

ဒါနှစ်ယောက်စလုံး အကျင့်တွေကောင်းတဲ့အစုံအတွက်ပြောတာ။ မကောင်းတဲ့အစုံကျတော့ ၂ယောက်စလုံး အကျင့်တွေယုတ်နေကြရင် ဘယ်နှယ့်တုံးဆိုတော့ လင်ရော မယားရော ၂ယောက်စလုံးအကျင့်တွေက ညစ်လို့ပေလို့။ မယားကလည်း မယားဝတ္တရားမကျေပွန်၊ လင်ကလည်း လင့်ဝတ္တရား မကျေပွန်ကြဘူး။ သရဏဂုံဆိုတာတော့ သူတို့အတွက် ဘယ်နေမှန်း မသိ။ ဘုရားမှန်းလည်း မသိ။ တရားမှန်းလည်း မသိ။ သံဃာမှန်းလည်း မသိ။ အသက်မွေးဝမ်းကျောင်းမှုတွေကလည်း မစင်ကြယ်ကြဘူး။ ဒါဆိုရင် ၂ယောက်စလုံး တိရစ္ဆာန်တွေချည်းပဲ။

တိရစ္ဆာန်တွေသေရင် ဘယ်ပြန်ဖြစ်ကြသတုံးဆိုတော့ တိရစ္ဆာန်ဘုံ အပါယ်ပြန်ဖြစ်ကြတာပဲများတယ်။ ထို့အတူ တိရစ္ဆာန်နဲ့တူတဲ့ အဲဒီ ဇနီးမောင်နှံအစုံတို့လည်း အပါယ်ဘုံ ဘဝရောက်ကြရမှာပဲ။ အခုဘဝလည်း မချမ်းသာကြဘူး။ နောင်တမလွန်ဘဝလည်း မချမ်းသာကြဘူး။ ငရဲဘုံမှာနစ်ကြပြီး ထိုဇနီးမောင်နှံစုံတို့သည် မခွဲတမ်းအတူ ပူဆွေးပြီး သံပြိုင်ငိုကြွေး ဟစ်အော်ဆူညံနေကြရမယ်တဲ့။

လင်မယားနှစ်၊ အကျင့်ညစ်မှု၊
နှစ်ကျငရဲ၊ မခွဲတဝေး
သံပြိုင်ဆွေးသည်၊ ငိုကြွေးအော်ဟစ်
ဆူညံတည်း။

အဲဒီလိုဝတ္တရားမကျေ အကျင့်ညစ်ပတ်ပေနေကြသော ဇနီးမောင်နှံတို့သည် အခုပစ္စုပ္ပန်မှာလည်း ချမ်းသာတယ်ကို မရှိကြဘူး။ ကိုယ်ဆင်းရဲ၊ စိတ်ဆင်းရဲ၊ ဟိုကဘေးဆိုးပေါ်၊ ဒီက ဘေးဆိုးပေါ်နဲ့၊ အမျိုးမျိုးသော ဒုက္ခတွေရောက်တဲ့ အပြင် အခုနေရတော့လည်း ဆင်းရဲ၊ သေရတော့လည်း

ဆင်းရဲ အနေလည်းမပျော်၊ အသေလည်းမပျော် အပါယ်လေးဖော်တွေရဲ အစာတွေပဲ ဖြစ်ကြမယ်တဲ့။

အဲဒါလို ဇနီးမောင်နှံအစုံ လေးစုံရှိတဲ့အကြောင်း ဘုရားရှင်ကိုယ်တော်မြတ်က ဝေရဉ္ဇသုတ္တန်မှာအခုလို ဟောတော်မူလိုက်ပါတယ်။ အေး အဲဒါလို ဇနီးမောင်နှံအစုံလေးစုံထဲက မင်းတို့သွားကြမယ့် ဝေရဉ္ဇမြို့ထဲက သူဌေးသားသူဌေးသမီး ဇနီးမောင်နှံအစုံတို့သည် သောတာပန်နဲ့တူတဲ့ ဇနီးမောင်နှံအစုံ ဖြစ်ကြပါစေသားလို့ ဘုရားရှင်ကိုယ်တော်မြတ်က ရည်ရွယ်တော်မူပြီး အဲဒီမင်္ဂလာဆောင်လာကြတဲ့ ပရိသတ်ကြီးကို အခုလို အကျယ်ချဲ့ပြီးဟောတော်မူလိုက်ပါတယ်။

နိဂုံးမဏ္ဍာမှာ

အဲဒါကြောင့် ဒီယနေ့ အိန္ဒိယနိုင်ငံဂျက်ပူမြို့ကနေပြီးတော့ ဆွမ်းဘောဇဉ် လာကပ်ကြတဲ့ ဒကာ ဦးမောင်ကို၊ ဒေါ်ဝိမလဒေဝီတို့လည်း မိမိတို့ကိုယ်မိမိတို့ သောတာပန်နဲ့တူတဲ့ ဇနီးမောင်နှံအစုံတို့ကဲ့သို့ဖြစ်အောင် ကျင့်ကြံအားထုတ်နိုင်ကြပါစေကုန်သတည်း။ ထို့အတူ မိမိတို့ရဲ့သားသမီးများဖြစ်ကြတဲ့ မောင်ဆူရေးရှ်၊ မရှုရီကာလာတို့ဇနီးမောင်နှံအစုံလည်း မိမိတို့ကိုယ်မိမိတို့ သောတာပန်နဲ့တူတဲ့ ဇနီးမောင်နှံအစုံတို့ကဲ့သို့ဖြစ်အောင် ကျင့်ဆောင်ကြိုးကုတ် အားထုတ်နိုင်ကြပါစေကုန်သတည်း။ အဲဒါ ဘုန်းတော်ကြီးတို့က

ဘုရားရှင်ရဲ့ ဝေရဉ္စသုတ်တော်မှ အဆုံးအမသြဝါဒကိုယူပြီး တစ်ဆင့်ဟောရ ပြောရပါတယ်။

အခု ဒီ ယနေ့ သံဃာတော်ခြောက်ရာကျော်တို့အား မန္တလေးတိုင်း၊ အမရပူရမြို့၊ မဟာဂန္ဓာရုံကျောင်းတိုက်မှာ လာရောက်ပြီး သံဃဒါနဆွမ်းဘောဇဉ်တို့ကို လောင်းလှူဆက်ကပ်နေတဲ့အချိန်သည် မိမိတို့ကိုယ် မိမိတို့ သောတာပန်နဲ့တူတဲ့ ဇနီးမောင်နှံဖြစ်ကြောင်း၊ ကောင်းမှုပြုနေတဲ့အချိန်သည် ဓမ္မသရဏဂစ္ဆာမိ – တရားတော်ကိုဆည်းကပ်နေတဲ့အချိန်ပဲဖြစ်တယ်။ ဒါတရားတော်အတိုင်းကျင့်နေတာဖြစ်ပါတယ်။

အဲဒါလိုအားဖြင့် သရဏဂုံလည်းတည် ပဉ္စသီခေါ်တဲ့ ကျင့်ဝတ်ငါးပါးလည်းမြဲပြီး၊ ရှောင်ရမှာရှောင်၊ ဆောင်ရမှာဆောင်ပြီးတော့ အသက်မွေးဝမ်းကျောင်းလည်း စင်ကြယ်အောင် ပြုလုပ်အားထုတ်နိုင်ကြပြီးလျှင် မိမိတို့ကိုယ် မိမိတို့ သောတာပန်နဲ့တူတဲ့ ဇနီးမောင်နှံတွေဖြစ်အောင် ကျင့်ဆောင် ကြိုးကုတ်အားထုတ် နိုင်ကြပြီးလျှင်–

ရှေးယခင်က ဤကဲ့သို့ ကျင့်ဆောင်ကြိုးကုတ် အား ထုတ်တော်မူသွားကြတဲ့ ဇနီးမောင်နှံအစုံတို့ ၊ အရှင်မဟာ ကဿပအလောင်း ပိပ္ပလိလုလင်နဲ့ မယ်ဘဒ္ဒါအစရှိတဲ့ ဇနီး မောင်နှံအစုံတို့၊ ဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသားနဲ့ ယသော်ဓရာဒေဝီ အစရှိတဲ့ ဇနီးမောင်နှံအစုံတို့ ရအပ် ရောက်အပ် သိမြင်အပ်တဲ့ နိဗ္ဗာနဓါတ် အသခ်တတရား တော်မြတ်ကြီးကို လျင်မြန်ဆောစွာ ရောက်ကြရ ရကြ ရ သိကြရ မြင်ကြရပါလို့ကုန်သောဟူ၍ ပတ္တနာအောင် ဆု ပြုကြကုန်ရာသတည်း။

သာဓု၊ သာဓု၊ သာဓု။

ရေစက်ချ

ကိုင်း ရေစက်ချပြီး အမျှဝေရအောင် အားလုံး ဘေးက ပါလာတဲ့ မိတ်ဆွေတွေကပါ ပါလာတဲ့လူတွေအားလုံး လိုက်ဆိုကြပေါ့။ ဆိုကောင်းပါတယ်။ ကဲ အားလုံးလိုက်ဆိုကြ။

အရှင်မြတ်တို့ဘုရား၊ ဘုရားတပည့်တော်တို့သည် ဗုဒ္ဓမြတ်စွာ သာသနာတော်မြတ်ကြီးကို ကံကောင်းထောက်မ၍ လူ့ဘုံ၊ လူ့ဘဝ၊ လူ့ဌာနဖြင့် တွေ့ကြုံဆုံစည်းရသည် ဖြစ်ကြပါ၍ သာသနာတော်ကို အမှီပြုလျက် မိမိတို့အတွက် မဂ်ဖိုလ် နိဗ္ဗာန်ရရန်အကြောင်း

ပါရမီကောင်းမှုတို့ကို တတ်စွမ်းသမျှ ကြိုးပမ်းအားထုတ် ပြုလုပ်နေကြပါကုန်၏။

ဤယနေ့အဖို့၌ တပည့်တော်တို့၏ သားရတနာသမီး ရတနာတို့၏ မင်္ဂလာဦး၌ မင်္ဂလာဆွမ်းအဖြစ်ဖြင့် အမရပူရ မဟာဂန္ဓာရုံကျောင်းတိုက်သို့ လာရောက်ကြလျက် သံဃာ တော် ခြောက်ရာကျော်တို့အား သစ်သီးဒံပေါက် သက် သတ်လွတ်ဆွမ်း မွန်မြတ်သောဘောဇဉ်တို့ကို သံဃိကဒါန လောင်းလှူဆက်ကပ်ကြပါကုန်၏။ ဖိတ်မန္တကပြုထားသော ပရိသတ်အပေါင်း သူတော်ကောင်းတို့အား သဒ္ဒါဖြူဖွေး ကျွေးမွေးဧည့်ခံကြပါကုန်၏။

ဣဒံမေ ပုညံ နိဗ္ဗာနဿ ပစ္စယော ဟောတု= မေ တပည့်တော်တို့၏၊ ဣဒံပုညံ- ယနေ့ယခုပြုလုပ်ရ သော အားထုတ်ရသော ဗုဒ္ဓမြတ်စွာသာသနာတော်ကို ပူဇော်ရသော ကောင်းမှုစေတနာအဖြာဖြာသည်၊ နိဗ္ဗာန ဿ - ဒုက္ခခပ်သိမ်းအေးငြိမ်းရာမှန် - မြတ်နိဗ္ဗာန်၏ ပစ္စ ယော - လွယ်ကူလျင်မြန် အသိဉာဏ်ဖြင့် မျက်မှောက်ထင်

ထင် သိမြင်နိုင်ကြောင်း အားကောင်းသော အထောက် အပံ့သည်၊ ဟောတု- မုချမသွေဖြစ်ပါစေသတည်း။

ဤကောင်းမှု၏ အဖို့ဘာဂကို ကြွရောက်လာကြသော ပရိသတ်အပေါင်း သူတော်ကောင်းတို့အားလည်းကောင်း၊ မိခင် ဖခင် ဆရာသခင် ကျေးဇူးရှင်တို့အားလည်းကောင်း၊ တိုင်းပြည်သနင်း အစိုးရမင်း၊ နတ်တို့သနင်း သိကြားမင်း၊ ငရဲသနင်း ယမမင်းတို့အားလည်းကောင်း၊ ဤကျောင်းတိုက် ဤ မြို့ရွာ အိမ်ရာတို့၌ စောင့်ကြပ်နေကြသော နတ်အပေါင်းတို့အားလည်းကောင်း၊ သုံးဆယ့်တစ်ဘုံသား သတ္တဝါအများတို့အား အမျှ အမျှ ပေးဝေကြပါကုန်၏။ အမျှရ၍ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ချမ်းသာကြသည် ဖြစ်ပါစေကုန်သတည်း။ ။

အမျှ၊ အမျှ၊ အမျှယူတော်မူကြပါကုန်လော့။

သာဓု၊ သာဓု၊ သာဓု။

အဂ္ဂမဟာပဏ္ဍိတ

ဘဒ္ဒန္တကုဏ္ဍလာဘိဝံသ

မယားကိုလင်၊ လင်ကိုမယား
တရားသဖြင့်၊ ကောင်းစွာကျင့်မူ
ငါးဆင့်နတ်ရွာ၊ ဘုံနိမ္မာဝယ်
ချမ်းသာနှစ်ပါး၊ တွေ့ခံစားပေမိ့ ။

ကောင်းသံစာစဉ်၊၈၊